# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင်အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဗန်းမော်ဆရာတော်ဘုရားကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား

နေပြည်တော် မေ ၂၉

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများနှင့် ဆွမ်းကိစ္စများ

*စာမျက်နှာ ၃ ကော်လံ ၁* ◆



မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဗန်းမော်ဆရာတော်ဘုရားကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားစဉ်။

## ယနေ့ ဖတ်စရာ


**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား မကွေးမြို့မှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို** — ပြည်တွင်းသတင်း စာ ၆

**မြေအုတ်တို့ပြိုရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်** — ဆောင်းပါး စာ ၁၀

**အိုမီခရွန်မျိုးကွဲသစ် XBB.1.16 မှာ အမေရိကန်၌ ဒုတိယကူးစက်မှုအများဆုံးမျိုးကွဲဖြစ်လာ** — နိုင်ငံတကာသတင်း စာ ၁၃

**တောင်ရိုးတိုင်းရင်းသားများရဲ့ ချစ်ကြည်နူးစရာ တာတက်ပွဲ၊ မီးလုံးပွဲနဲ့ လက်စားချို လက်စားဆပ် ရိုးရာဓလေ့ပွဲတော်များ** — ရွှေနိုင်ငံ မြင်ကွင်းကျယ် စာ ၁၆

## အားကစားလူချွန်လူကောင်းများ ဖြစ်ကြောင်းပြသ နိုင်ငံ့ဂုဏ်ကို အစွမ်းကုန်မြှင့်တင်

အားကစားဟူသည် အထူးတလည် လေ့ကျင့်တည်ဆောက်ထားသော ခွန်အား၊ သက်လုံ၊ ကျွမ်းကျင်မှု၊ နည်းစနစ်၊ စိတ်ဓာတ်နှင့် ဉာဏ်ရည်တို့ကို အသုံးချကာ ရုပ်ပိုင်းရောစိတ်ပိုင်းပါ ယှဉ်ပြိုင်ကြရခြင်းဖြစ်သည်။ နိုင်ငံကိုယ်စားပြု အားကစားသမားများ နိုင်ငံအလိုက် ယှဉ်ပြိုင်ကြရာတွင် အားကစား၏ အောင်မြင်မှုသည် နိုင်ငံ၏ အောင်မြင်မှု၊ နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှု ဖြစ်လာသည်။ နိုင်ငံကိုယ်စားပြု အားကစားသမားများ၏ နိုင်ငံတကာပြိုင်ပွဲဝင် ယှဉ်ပြိုင်မှုများကို နိုင်ငံသူ နိုင်ငံသား တစ်မျိုးသားလုံးက စိတ်ရောကိုယ်ပါ တက်ကြွစွာ အားပေးကြပြီး အောင်ပွဲအဆင့်ဆင့် ရရှိကြသည်နှင့်အမျှ တစ်မျိုးသားလုံးက ဂုဏ်ယူဝမ်းမြောက်ကြရခြင်း ဖြစ်သည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ကမ္ဘောဒီးယားနိုင်ငံတွင် လာမည့် မေလ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများအားလုံး ပြိုင်ပွဲဝင်ရန် အသင့်အနေအထားသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင်း အမြင့်မားဆုံးသော အားကစားပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံမှ အားကစားသမား ၃၄၁ ဦးက အားကစားနည်း ၁၉ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ရာ ပြိုင်ပွဲတိုင်းတွင် အမြင့်ဆုံးသော အောင်ပန်းကို ဆွတ်ခူးနိုင်ရေး မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းက မျှော်လင့်နေကြသည်သာ ဖြစ်သည်။ "ယခုသွားရောက် ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ယခုအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြသည်ကို အသိပေးမှာကြားလိုပါကြောင်း၊ မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် မောင်မယ်များအနေဖြင့် ရေကုန်ရေခန်းအားထုတ်ကြိုးပမ်းသွားကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည့်အတိုင်းပင် အားကစားလူချွန်လူကောင်းများအဖြစ် ပြသ၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားကြမည်ဟူသော ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ယုံကြည်မှုကို အစွမ်းကုန်ဖြည့်ဆည်းကြရေးအတွက် စိတ်ဓာတ်တံခွန်ကို အမြင့်မားဆုံး လွှင့်ထူကြရမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်၍ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ အစွမ်းကုန် ကြိုးပမ်းကာ အောင်ပန်းဆွတ်ခူးနိုင်ခြင်းတို့အတွက်လည်း နိုင်ငံတော်က ထိုက်တန်စွာ ဂုဏ်ပြုသွားမည်ဖြစ်ရာ အောင်ပွဲရယူ ပြန်လာသူတို့အတွက် စောင့်ကြိုနေမည်ဖြစ်သည်။ အားကစားထူးချွန်သည့် လူငယ်များ နိုင်ငံ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ခြင်းမှ ထွက်ပေါ်လာသည့် အောင်မြင်မှုများက နိုင်ငံ၏ ဂုဏ်သိက္ခာကို မြင့်မားစေသည့်အပြင် မိမိတို့၏ လူနေမှုဘဝများကိုလည်း မြင့်မားလာစေမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်အကြီးအကဲက ပြောကြားထားသည်။ နိုင်ငံတော်က ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကြီးများကို ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ ယခုမကြာမီ ပြိုင်ပွဲဝင်ကြရတော့မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင်လည်း နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ကြသည့် အားကစားသမားတစ်ဦးချင်းစီတိုင်းက ပြိုင်ပွဲတိုင်းတွင် တရားသဖြင့် ယှဉ်ပြိုင်အနိုင်ယူကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနိုင်ရေး ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## ကဆုန်လပြည့် ဗုဒ္ဓနေ့ ကဆုန်လဘွဲ့ (အဲချင်း)

❂ နွေလရယ်မှ ရာသီ
ကြယ်မင်း တာရာ ၊ ဝိသာခါနှင့်
စန္ဒာ လမင်း ၊ တူပြိုင်ဝင်းလို့
နေမင်း ဖလ်ဝါ ၊ ဒေါင်းယဉ်သာလည်း
ချိန်ခါ အတွင်း ၊ ထိန်ဖြာ လင်းသည်
နေ့ခင်းရယ် တာရှည် ပါလို့လေး။

❂ စေတီရယ်မှ မြတ်လေး
ပရိဘောဂမည်ပေ
ဗုဒ္ဓဟောကို
ညောင်ရေ သွန်းလောင်း၊ ဆုမွန်တောင်းလို့
အောင်ကြောင်းရယ်မှ မနေး
အောင်ရေးရယ်မှ ထိုထို
ညွှန်းပြုကာ ဆိုသည်
ဗျာဒိတ်ဖွားမြင် ဗောဓိပင်
စံဝင်အမှန်၊ နန်းနိဗ္ဗာန်ဟု
ညွှန်းပြုကာ ဆိုသည်
သည်ချိန်ကို ရည်စူးလို့
ကြည်နူး ရန်များ။

❂ ချရား ရယ်မှတဖြာ
စကား ဝါနှင့်၊ ခိုင်ညှာဝင်းလို့
ကြိုင်သင်းကာ လာသည်
ချိန်ခါရယ်မှ အညီ ၊ ဝေစီ ရှင်းသန့်
သင်းရနံ့နှင့်၊ ဝင်းဖန့်ကာသာ
ဝေဖြာ မွှေးသမို့
အေးလို့ငယ်ကြည်သည်
နွေရာသီ အလှပန်းတွေက
လန်းဆန်းနေမြဲ။

❂ တစေရယ်မှ မလပ်
ဤ လမြတ်၌၊ မပြတ်ကျင်းပ
မြတ်ဗုဒ္ဓနေ့၊ မမေ့စရာ
များသူငါတို့၊ မှန်စွာ မလွဲ
ပူဇော်မြဲမို့၊ ဝတ်ပွဲကိုဆင်
ဖြိုးသ ဆိုတဲ့ ၊ ရာသီခွင်မှာ
အို ဘယ့်နှယ် တင်ပါမယ်
နန်းမဂ္ဂင် ရော်ရမ်းလို့
မျှော် မှန်းမြဲ လေ။ ။

မမြရည်နန္ဒာ

## အသိပေးနှိုးဆော်ချက်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင်တော်နှင့်ပြည်သူ့ရင်ပြင်တို့၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၃၀-၄-၂၀၁၂ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၂-၅-၂၀၁၂ ရက်နေ့တွင် အခမ်းအနားကျင်းပစဉ်အတွင်း နံနက် ၀၄၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်လမ်းအား ဟံသာဝတီအဝိုင်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဟံသာဝတီအဝိုင်းမှ ရွှေတိဂုံဘုရားလမ်းအထိလည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ဦးထောင်ဘိုလမ်းမှ ဦးဝိစာရလမ်းထိပ်အထိလည်းကောင်း၊ အလုံလမ်းအား ဗဟိုလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိလည်းကောင်း၊ မြို့မကျောင်းလမ်းအား အလုံလမ်းမှ မင်းရဲကျော်စွာလမ်းအထိလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် ဟံသာဝတီအဝိုင်းတွင် ယာဘက်သို့ ချိုးကွေ့၍ ဟံသာဝတီလမ်းမှ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ဝဲဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ဦးဝိစာရလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဟံသာဝတီအဝိုင်းမှ ဟံသာဝတီလမ်း၊ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဦးထောင်ဘိုလမ်းမှ ဗဟန်းအဝိုင်းသို့လည်းကောင်း၊ အလုံလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဗဟိုလမ်းအတိုင်းလည်းကောင်း၊ မြို့မကျောင်း လမ်းသို့မောင်းနှင်လာသောယာဉ်များသည် မင်းရဲကျော်စွာလမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မုံရွာမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် ဇီးတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကျန်းမာရေး စောင့်ရှောက်မှုပေး**

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၇ ဦးအား သွေးတိုးရောဂါ၊ နား/နှာခေါင်း/လည်ချောင်း ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေး**

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၉၆ ပါးနှင့် ဒေသခံပြည်သူ ၁၁၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော်အပါး ၆၀ နှင့် ဒေသခံပြည်သူ ၁၂၇ ဦးတို့ကိုလည်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ ရှေ့ဖုံးမှ

အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးထားသည်များကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဆရာတော်ဘုရားကြီးအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးနေမှု အခြေအနေများနှင့် အနယ်နယ်အရပ်ရပ်မှ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များက လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည့် အခြေအနေများ၊ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့် အခြေအနေများ၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်လည်း "ကဆုန်လပြည့် ဗုဒ္ဓနေ့" ဆိုင်ရာ အခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ဆရာတော်ဘုရားကြီးတို့၏ ဦးဆောင်မှုဖြင့် သံဃအဖွဲ့အစည်းသည်လည်း မှန်ကန်စွာရပ်တည်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင်ပြပြီး ဆရာတော်ဘုရားကြီးထံမှ ဩဝါဒကို ခံယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဇန်းမော်ဆရာတော်ဘုရားကြီးအား ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ဘုရားကြီး အား ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ဘုရားကြီး ဟောကြား ချီးမြှင့်တော်မူသည့် တရားတော်များကို နာယူကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ပါရဂူများအား ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တည်ဆောက်ပြီးစီးမှုအခြေအနေ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်း ၌ တည်ဆောက်လျက်ရှိသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေး-မွေးမြူရေးပညာရပ်များ တစ်နိုင်ငံလုံးသို့ ပြန့်ပွားစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်စေရန်၊ အဆင့်မြင့်ပညာဆက်လက် မသင်ကြားနိုင်သော ကျောင်းသား ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာအဖြစ် လမ်းသွယ်များဖွင့်လှစ် သင်ကြားပေးနိုင်စေရန်၊ အစိုးရနှင့်ပုဂ္ဂလိက စိုက်ပျိုး-မွေးမြူရေးဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုး - မွေးမြူရေးကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ အမှတ် - ၁ အခြေခံပညာ အထက်တန်းကျောင်း၌ တည်ဆောက်လျက်ရှိသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

## အိမ်မဲမြို့နယ် သဖန်းပင်ဆိပ်ကျေးရွာတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲကျင်းပ

**အိမ်မဲ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သဖန်းပင်ဆိပ်ကျေးရွာ အုပ်စု တောင်သူ ဦးလှကျော်၏ လယ်မြေကွင်းအမှတ် (၉၄) ဦးပိုင်အမှတ် (၂၇/၄) တွင် မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ဧက ၅၀ အတွက် တစ်ဧကလျှင် လေးပြည်နှုန်း ပေးအပ်ခဲ့ပြီး ကြဲပက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်သည်။

လယ်ယာ စိုက်ပျိုးမြေများတွင် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် အချိန်တိုကာလအတွင်း သစ်စိမ်းမြေဩဇာ၊ ဇီဝမြေဩဇာနှင့် သစ်ဆွေးဓာတ်များ ရရှိနိုင်၍ လယ်ယာမြေအတွင်းရှိ ပေါင်းပင်များကို နှိမ်နင်းနိုင်ပြီး အကျိုးပြုအဏုဇီဝပိုးများ၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုသက်ရှိများကိုလည်း အသက်ရှင်တိုးပွားစေနိုင်ကြောင်း၊ ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးရာတွင် ရာသီဥတုအခြေအနေပေးပါကတစ်ဧကလျှင် သစ်စိမ်းမြေဩဇာ ငါးတန်မှ ခုနစ်တန်အထိ ရရှိနိုင်ပြီး ပုလဲဓာတ်မြေဩဇာ နှစ်အိတ်နှင့် ညီမျှသော နိုက်ထရိုဂျင်ဓာတ်များ ရရှိနိုင်ကြောင်း၊ ဓာတ်မြေဩဇာ သုံးစွဲမှုအား လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ရှိ မြေဆီလွှာနှင့်ရေတို့ကို ဓာတုအဆိပ်သင့်မှု လျော့နည်းစေကာ မြေဆီလွှာ၏ ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက ပြောသည်။

**ချစ်သက်လယ်(အိမ်မဲ)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဓမ္မသီရိအား ကျန်းမာရေးစောင့်ရှောက်မှု ပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့်အခြေအနေများ ကြည့်ရှုစဉ်။

### ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့်အခြေအနေများကို ကြည့်ရှုရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကိုယ်ခံစွမ်းအားရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့ အတွက်လည်း ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် လက်ထောက်ကျောင်းထိုင် ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

### ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တသုဓမ္မအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

### လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်ပတ်သက်၍အထူး အလေးထား စောင့်ကြည့်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအရ ဧည့်တွေ့ဖူးမြော်မှုများကိုလည်း စနစ်တကျဖြစ်စေရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တာချီလိတ်လေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ရှင်းလင်းဆောင်ဌ် တာဝန်ရှိသူတစ်ဦးက လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များ ဖြည့်ဆည်းပေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

## လိုအပ်သည်များ ကြိုတင်ပြင်ဆင်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာချီလိတ်လေဆိပ်သို့ လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ ဆက်လက်အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ တည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လေယာဉ်ကွင်း သန့်ရှင်းရေးအတွက် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများကို အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း မှာကြားပြီး တာချီလိတ်မြို့အတွင်းရှိ လမ်းများအား သတ်မှတ်ထားသည့် လမ်းညွှန်အမှတ်အသားများ ပြည့်စုံစွာ ပြုလုပ်ထားရန်လိုကြောင်း၊ ယာဉ်စည်းကမ်း ထိန်းသိမ်းမှုများကိုလည်း စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ သတ်မှတ်ထားသည့် ယာဉ်နံပါတ်များ တပ်ဆင်ရန်အတွက် ပညာပေးကာလကုန်ဆုံးသွားပြီဖြစ်သဖြင့် ယာဉ်နံပါတ်များ စနစ်တကျ တပ်ဆင်စေရေး ယာဉ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ တာချီလိတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် မိုးရေများ စုဆောင်းခြင်းနှင့် ရေထွက်နေရာများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း အသား၊ ငါးများ လုံလောက်စွာ ရရှိရေး မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရန် လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍လည်း ပို့ကုန်များ တင်ပို့နိုင်မှုများကို မှတ်တမ်းတင်ထားရှိရန်လိုပြီး ထိုမှတစ်ဆင့် သုတေသနပြု ဆောင်ရွက်၍ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသတွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ တာချီလိတ်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်များဖြင့် ပြင်ပမှ ဝင်ရောက်လာသူများအား စနစ်တကျ မှတ်တမ်းတင်ရန် လိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းဒေသ) တွင် တောင်ယာများမီးရှို့ခြင်းမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် တာချီလိတ်လေဆိပ်ကို မတ်လနှင့် ဧပြီလတို့တွင် ရက် ၂၀ ကျော်ကြာ ပိတ်ခဲ့ရကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းဒေသ) အတွင်း ထိုသို့ တောင်ယာများ မီးရှို့ခြင်းနှင့် လယ်ယာများ၌ ကောက်ရိုးများ မီးရှို့ခြင်းမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုစနစ် ပပျောက်အောင် ဆောင်ရွက်ရန်နှင့် တောင်ယာများ၌ ကုန်းမြင့်လယ်စိုက်ပျိုးမှုစနစ်ကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ ထို့ကြောင့် ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများ အနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ခြင်းများကို ဆောင်ရွက်ရန် လိုကြောင်းဖြင့် တာဝန်ရှိသူများကို မှာကြားသည်။



တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## လိုအပ်သည်များ လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှုနှင့် လေဆိပ် အဆောက်အဦကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား မကွေးမြို့မှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို




**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးမြို့ သံဃာရာမကျောင်းတိုက်မှ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တ စိန္တာသာရ ဦးဆောင်လျက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်စုစုပေါင်း သံဃာတော် ၁၀၀ တို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

### ရှင်းလင်းလျှောက်ထား

ဦးစွာ ရှင်းလင်းဆောင်၌ ဆရာတော်၊ သံဃာတော်ကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တုံးတော်ကြီးများအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/ ၃/ ၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများနှင့် သွေးလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိသူများကို ငွေကြေးအကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

**၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများနှင့် သွေးလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိသူများကို ငွေကြေးအကျိုးခံစားခွင့် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ၌ ကျင်းပသည်။**



အဆိုပါအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် MOEAF တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်အစိုးရ၏ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သည့် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးအချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အဓိကအရေးပါသည့် အင်အားစုကြီးဖြစ်သော အလုပ်သမားထုကြီးအပေါ် များစွာတည်မှီနေသည့်အတွက် အလုပ်သမားထုကြီးကို ဂုဏ်ပြုလိုသည့် ရည်ရွယ်ချက်ဖြင့် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

### ဂုဏ်ပြုချီးမြှင့်

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခဲ့သည့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိသူ ၁၆ ဦးကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၉၉၀၀၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ သွေးလှူရှင်ဝန်ထမ်း ၁၀၀ ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းနှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိသူများကို ငွေကြေးအကျိုးခံစားခွင့် ပေးအပ်ခြင်းများ ချီးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်အရ ဆေးဖိုး ကုန်ကျငွေများ၊ မီးဖွားခြင်းဆိုင်ရာဝန်ဆောင်မှု သုံးမျိုးအတွက် ပြန်လည်ပေးအပ်သည့် ဆေးဖိုးကုန်ကျစရိတ်များ၊ မကျန်းမာမှု အကျိုးခံစားခွင့်များနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်အရ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ကိုယ်အင်္ဂါဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သော အလုပ်သမားများကို အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းနှင့် သေဆုံးသွားသည့် အာမခံအလုပ်သမားများ၏ ကျန်ရစ်သူမိသားစုများအား ကျန်ရစ်သူအကျိုးခံစားခွင့်များအတွက် အာမခံအလုပ်သမား ၅၅၄ ဦးအတွက် စုစုပေါင်း ကျပ် ၃၃၃၅၉၁၀၉ သိန်း ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်နှင့် ပဲခူးမြို့တို့တွင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပြပွဲများ (Job Fair)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပပေးခဲ့ပြီး MRTV တွင်လည်း Talk Show အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပပေးခြင်းအားဖြင့် အလုပ်ရှာဖွေသူများနှင့် အလုပ်သမားလိုအပ်လျက်ရှိသော အလုပ်ရှင်များကို အချိန်တိုအတွင်း တစ်နေရာတည်းတွင် ချိတ်ဆက်ပေးနိုင်သည့်အတွက် အချိန်ကုန် ငွေကုန်သက်သာပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည့် အလုပ်သမားကြီးများသည် နိုင်ငံတော်အစိုးရက တစိုက်မတ်မတ် ဦးတည်ချက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သည့်အတွက် အလုပ်သမားကြီးများ၏ ကြိုးစားအားထုတ်မှုများကို အမှတ်တရဂုဏ်ပြုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများနှင့် အဆိုပါနေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းသည့် ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

### ငွေကြေးအကျိုးခံစားခွင့်များပေးအပ်

ဆက်လက်၍ လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိသူများကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က ငွေကြေးအကျိုးခံစားခွင့်များကို သက်ဆိုင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့အစည်းအဝေး(၁/၂၀၂၃)ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့ (၁/၂၀၂၃)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရုံးအမှတ်-၁၀၊ ပြည်ထဲရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအပါအဝင် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက Online ဖြင့် တက်ရောက်ကြသည်။

### အခွင့်အရေးများဆုံးရှုံးမှုမရှိစေရန်

ဦးစွာ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ၂၀၂၀ ပြည့်နှစ်ကစ၍ ကိုဗစ်-၁၉ ရောဂါကြောင့် တရားရုံးများ အပြည့်အဝရုံးထိုင်စစ်ဆေးနိုင်ခဲ့ခြင်း မရှိခဲ့သဖြင့် စစ်ဆေးဆဲအမှုများ ကြန့်ကြာမှုမရှိစေရန်၊ ပြစ်မှုကျူးလွန်ခံရမှုကြောင့် ထိခိုက်နစ်နာသူများ နစ်နာမှုမရှိစေရန်၊ တရားစွဲဆို ခံထားရသူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်အတွက် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၄၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ပြီး အထောက်အကူပြုလုပ်ငန်းအဖွဲ့နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ကို ထပ်မံဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်ရန် မဟုတ်ဘဲ တရားရုံးများ၌ စစ်ဆေးဆဲပြစ်မှုဆိုင်ရာ မှုခင်းများကို မြန်ဆန်၊ မှန်ကန်စွာဖြင့် စစ်ဆေးစီရင်နိုင်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များနှင့် ဆက်စပ်ပြီး အရေးယူထားသည့် အမှုများအနက် သီးသန့်တရားရုံးထိုင်၍ စစ်ဆေးဆဲအမှုများ၊ အကြမ်းဖက်မှုနှင့်ဆက်စပ်၍ ကျူးလွန်ခဲ့သည့်ပြစ်မှုများကို သီးသန့်တရားရုံးဖြင့် စစ်ဆေးသင့်သည့်အမှုများ၊ အချုပ်တရားခံ နှစ်နှစ်နှင့်အထက် ကြန့်ကြာနေသည့် ရာဇဝတ်မှုများ၊ ထူးခြားထင်ရှားသော အမှုများကို ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့အစည်းအဝေး(၁/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

### ပူးပေါင်းပါဝင်ဆောင်ရွက်

တရားရုံးစစ်ဆေးဆဲအမှုများကို တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော် ၁၄ ရုံး၊ ခရိုင်တရားရုံး ၁၁၄ ရုံး၊ မြို့နယ်တရားရုံး ၃၀၈ ရုံးနှင့် သီးသန့်တရားရုံး ၁၈၉ ရုံး၊ စုစုပေါင်း ၆၂၅ ရုံးဖြင့် တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် တရားစွဲအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေရုံးများနှင့် တရားရုံးများတွင် တွေ့ရှိရသည့်အားနည်းချက်များအပေါ် အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ပြီး ပထမအဆင့် ရည်မှန်းချက်အား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ သတ်မှတ်၍ တရားရုံးစစ်ဆေးဆဲ မှုခင်းများအား ရာနှုန်းပြည့်နီးပါး ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ဒုတိယအဆင့် ရည်မှန်းချက်ကာလကို ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ သတ်မှတ်၍ ကျန်ရှိသည့်အမှုများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များအနေဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်၍ အဖွဲ့ဝင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်သည့် အကြံဉာဏ်များကို ဖြည့်စွက်ဆွေးနွေးပေးပါရန် ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက စတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ တရားရုံးစစ်ဆေးဆဲအမှုအရေအတွက်များ၊ လစဉ်တရားရုံးများမှ အပြီးသတ်အမိန့်ချမှတ်ခဲ့သည့်အမှုများ၊ လစဉ်တရားရုံးများသို့ ထပ်မံစွဲတင်ခဲ့သည့် အမှုများနှင့် လက်ကျန်အမှုများကို ကျန်ရှိသည့်ကာလများတွင် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် Online ဖြင့် တက်ရောက်သည့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်များက တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဒုတိယအဆင့် ရည်မှန်းချက်ကာလဖြစ်သည့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် ကျန်ရှိသည့် တရားရုံးစစ်ဆေးဆဲအမှုများကို စစ်ဆေးစီရင်ရာတွင် လျာထားစီမံချက်ပါအတိုင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တွေ့ကြုံလာသည့် အခက်အခဲများအပေါ် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဖြေရှင်းကြရန်၊ ဌာနဆိုင်ရာအဖွဲ့အစည်း အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ လောကမာန်အောင်ဆုတောင်းပြည့်စေတီတော်၌ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား ဧပြီ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို ယခင်နှစ်များနှင့်မတူ အများပြည်သူ ပါဝင်ဆင်နွှဲကုသိုလ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း တိုက်တွန်း မှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့်အစီအစဉ်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးများ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် မြစ်ကြီးနားမြို့ အမှတ်(၁)နှင့် (၂) မြို့မဈေး၊ ရေစင်ကွင်းဈေးတို့တွင် ဈေးရောင်းဈေးဝယ်များ၊ လမ်းသွားလမ်းလာ ပြည်သူများအား လတ်တလော အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂၉**

ထူးခြားသည့်နေ့အပူချိန်များမှာ တောင်တွင်းကြီးမြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် ညောင်ဦးမြို့၊ မကွေးမြို့နှင့် ပြည်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သီပေါမြို့တွင် ၀ ဒသမ ၅၈ လက်မနှင့် ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်း ဖွင့်လှစ်



**နေပြည်တော် ဧပြီ ၂၉**

၂၀၂၃ ခုနှစ် တောင်ကြီးလူရည်ချွန် အပန်းဖြေစခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက လူရည်ချွန်အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ဒုတိယပိုင်း အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ သြဝါဒစကား လမ်းညွှန်မှာကြားချက်များကို လေးစားလိုက်နာကျင့်ကြံ နေထိုင်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း၊ လူရည်ချွန် လူငယ်မောင်မယ်များ လူရည်ချွန်စခန်းများတွင် စခန်းချနေထိုင်စဉ်ကာလအတွင်းပညာရေးဆိုင်ရာ ဟောပြောပွဲများ၊ စာပေဗဟုသုတ နှီးနှောဆွေးနွေးခြင်းများ၊ ပတ်ဝန်းကျင်ပြည်သူ့ဘဝ လေ့လာရေးနှင့် ဒေသလုပ်ငန်းများ၊ ဒေသထွက်ကုန်များနှင့် ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လက်မှုပညာများနှင့် ဒေသန္တရဆိုင်ရာဗဟုသုတများကို လေ့လာဆည်းပူးခွင့် ရရှိမည်ဖြစ်ကြောင်း၊



လူရည်ချွန် လူငယ်မောင်မယ်များအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြ လူငယ်များ ပေါ်ထွန်းလာစေရန် စသည့်အချက်များနှင့် ပြည့်စုံအောင် ကြိုးစားသွားကြစေလိုကြောင်း၊ ဆက်လက်သင်ယူရမည့် ပညာရပ်နယ်ပယ်များတွင် ထူးချွန်ထက်မြက်အောင် ဆက်လက်အားထုတ် ကြိုးပမ်းကြရန်နှင့် တတ်မြောက်ထားသည့် အသိပညာအတတ်ပညာများဖြင့် မိမိတို့ ဒေသ၊ ဌာန၊ အဖွဲ့အစည်းကို ကောင်းမွန်စွာ ခေါင်းဆောင်မှုပေးနိုင်သည့် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်း ဖြစ်အောင် ရည်မှန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူရည်ချွန် ကျောင်းသားတစ်ဦးကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသူတစ်ဦးကို လည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူရည်ချွန်မောင်မယ် နှစ်ဦးကိုလည်းကောင်း ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးအပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဧပြီ ၂၉**

ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောင်မြေသာရပ်ရှိ ပုဂံလူရည်ချွန်စခန်း မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပုဂံလူရည်ချွန်စခန်းအား လူရည်ချွန် ကျောင်းသား ကျောင်းသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် အခမ်းအနားကို Heritage Bagan Hotel ၌ ဆက်လက်ကျင်းပရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများအတွက် လူရည်ချွန်တံဆိပ်များကို ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်တစ်ဦး စီထံ ပေးအပ်ကာ လူရည်ချွန် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများက လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာနှုတ်ဆက်ကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ **(အပေါ်ပုံ)** လူရည်ချွန် ကျောင်းသား ကျောင်းသူများက အမှတ်တရ သစ်ပင် စိုက်ပျိုးကြသည်။



ဆက်လက်၍ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ မနူဟာဘုရား၊ မြစေတီ+ ဂူပြောက်ကြီးဘုရား၊ ဘူးဘုရား၊ ထီးလိုမင်းလိုဘုရား၊ ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာ လက်ရာများကို အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ သွားရောက်ဖူးမြော်လေ့လာကြသည်။

ညပိုင်းတွင် ပုဂံလူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ဂုဏ်ပြုဧည့်ခံ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

**ပုသိမ် ဧပြီ ၂၉**

၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ ယမုံနာဦး ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာများ၊ လူရည်ချွန်မောင်မယ်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ်တို့အား ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ လူရည်ချွန်မောင်မယ်များ ငွေဆောင်ကမ်းခြေတွင် အပန်းဖြေရန်နှင့် ဒေသဆိုင်ရာ ဗဟုသုတများ လေ့လာနိုင်ရေးအတွက် စီစဉ်ထားရှိပါကြောင်း၊ လူရည်ချွန်များသည် ကျောင်းစာတွင်ထူးချွန်ရုံမက ပြင်ပဗဟုသုတစာပေများ၊ အားကစား၊ အနုပညာနှင့် ပေါင်းသင်းဆက်ဆံရေးကဏ္ဍများတွင်လည်း ဘက်စုံထူးချွန်ထက်မြက်သူများ ဖြစ်ကြောင်း၊ လူငယ်များသည် စူးစမ်းလေ့လာလိုစိတ်ရှိပြီး တီထွင်ဖန်တီးလိုသူများဖြစ်ကြောင်း၊ နယ်မြေဒေသအသီးသီးမှ ထူးချွန်ထက်မြက်သည့်လူငယ်များ စုစည်းနေသည့်အတွက် မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတများကို တစ်ဦးနှင့်တစ်ဦး ဖလှယ်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။





ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ငွေဆောင် လူရည်ချွန်စခန်းမှူး တိုင်းဒေသကြီး ပညာရေးမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လူရည်ချွန် မောင်မယ်များကို ရင်ထိုးတံဆိပ်များ ဂုဏ်ပြုချီးမြှင့်အပ်နှင်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရင်ထိုးတံဆိပ်များအား တစ်ဦးချင်းစီ ဂုဏ်ပြုချီးမြှင့် အပ်နှင်းသည်။ **(ဝဲပုံ)** ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ငွေဆောင် လူရည်ချွန်စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် လူရည်ချွန်မောင်မယ်များက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) စခန်းဖွင့်ပွဲအခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လူရည်ချွန်မောင်မယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ လူရည်ချွန် မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်မောင်မယ်များနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

---

## ညောင်ဦးမြို့နယ်၌ ဟိုတယ်နှင့်တည်းခိုရိပ်သာများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ဧပြီ ၂၇ ရက်တွင်ဟိုတယ်နှင့် တည်းခိုရိပ်သာများကို ကွင်းဆင်းစစ်ဆေးသည်။

ဟိုတယ်နှင့် တည်းခိုရိပ်သာများကို Health & Safety Protocols (HSP)အရ Regional Level နှင့် National Level အသိအမှတ်ပြုလက်မှတ်ရ ဟိုတယ်၊ တည်းခိုရိပ်သာများအဖြစ် သတ်မှတ်နိုင်ရေးအတွက် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် ဌာနဆိုင်ရာများက ပုဂံမြို့သစ်ရှိ Amata Hotel (အနောက်)နှင့် Amata Hotel (အရှေ့)တို့ကို သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ **ဒီပါလင်း**

---

❖ *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်နေထွန်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးလောထွေး၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျောက်အင်ထလျဲန်းနှင့် တာကြန့်အုပ်စုအုပ်ချုပ်ရေးမှူး ဦးကျောက်ခမ်းလျဲန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့မိမြို့ဖဖြစ်သူ ဦးတင်ထွေးက ရိုးရာခလေ့ လှေလှော်ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်၍ ရိုးရာခလေ့လှေလှော်ပြိုင်ပွဲ ကို အသင်းဝင်များက စတင်လှော်ခတ်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ဧပြီ ၂၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အသင်းအားလုံး ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကာ ဧပြီ ၃၀ ရက်တွင် အုပ်စုအနိုင်အရှုံးလုကာ မေ ၁ ရက် နံနက်ပိုင်းတွင် ပထမ၊ ဒုတိယနှင့် တတိယလုပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ရိုးရာလှေလှော်ပြိုင်ပွဲ ဆုပေးပွဲနှင့် အခမ်းအနားပိတ်ပွဲတို့ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုနိုင်**

---

## နေပြည်တော်မြို့မဈေး၌ ဖျော်ဖြေရေးယာဉ်များဖြင့် လူထုအတွင်း မီးဘေးလုံခြုံရေးအသိပညာပေး

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော် ကောင်စီနယ်မြေ မြို့မဈေးရှေ့ကွင်းပြင်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောသရုပ်ပြမှုကို ပြည်သူများ စိတ်ဝင်စားမှုရှိစေရန် ရေးဟောင်း မီးသတ်ယာဉ်များ အပါအဝင် ခေတ်မီအဆင့်မြင့် မီးသတ်ယာဉ်များ၊ ဖျော်ဖြေရေးယာဉ်များဖြင့် ယနေ့ညနေပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေး ဖျော်ဖြေမှုများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ပြည်တော်အေးငြိမ်း မင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များဖြင့် မီးသတိပေးသီချင်းများ ထည့်သွင်းဖျော်ဖြေခဲ့ပြီး မီးဘေးလုံခြုံရေးဆိုင်ရာ တစ်ခန်းရပ်ပြဇာတ်များ၊ သရုပ်ပြကွက်များကို တင်ဆက်ခဲ့ရာ ဈေးသားများနှင့် ဈေးဝယ်များက ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

အဆိုပါမီးဘေးလုံခြုံရေးအသိပညာပေး ဖျော်ဖြေရေးအစီအစဉ်များကို ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဧပြီ ၃၀ ရက်တွင် သပြေကုန်းဈေး၌ လည်းကောင်း၊ မေ ၂ ရက်တွင် ပျဉ်းမနားမြို့၌လည်းကောင်း၊ မေ ၃ ရက်တွင် ဓာတုဗေဒဓာတ်ပေါင်း စေတီတော်၌ လည်းကောင်း ဆက်လက်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မေ ၅ ရက်နှင့် ၆ ရက်တွင် ရှေးဟောင်းမီးသတ်ယာဉ်များ၊ခေတ်မီမီးသတ်ယာဉ်များ၊ မီးသတ်သမားများ၏ လုပ်ငန်းခွင်သုံး(ရှေးဟောင်းနှင့်ခေတ်မီ) စက်ပစ္စည်းကိရိယာများ၊ မှတ်တမ်းဓာတ်ပုံများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဖျော်ဖြေတင်ဆက်မှုများကို ပြည်သူများအနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ပြီး ဗလာမပါကံစမ်းမဲလက်မှတ်များ၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးထံမှ သိရသည်။ **ဇော်ဘိ**



**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# မြေအုတ်တို့ပြိုရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်

ဦးရွှေဦး

၁၅ နှစ်ရှိခဲ့ပါပြီ။ မမေ့စကောင်းသော သဘာဝဘေးကြီးက ၂၀၀၈ ခုနှစ် နွေအကုန် မိုးဦးကျရာသီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် မေ ၂ ရက် ညနေပိုင်းမှစတင်၍ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီးသည် ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းအနီးမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ အရှိန်ပြင်းထန်စွာဝင်ရောက်တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ လည်းကောင်း၊ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဆေးပေးခန်းများ၊ ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ပြီး လူ၊ တိရစ္ဆာန်မြောက်မြားစွာ သေကျေပျက်စီးခြင်း၊ လှေ၊ သမ္ဗန်များ နစ်မြုပ်ပျက်စီးခြင်း၊ ဒေသအတွင်းရှိ စိုက်ပျိုးမြေ၊ ဆားကွင်းမြေ၊ ရေတွင်းရေကန်များမှာ ပင်လယ်ဒီရေဖုံးလွှမ်း တိုက်ခိုက်ခြင်း၊ ဒေသအတွင်း သောက်သုံးရေရှားပါးခြင်း၊ သစ်ပင်များ၊ လျှပ်စစ်မီးလိုင်းများ၊ တယ်လီဖုန်းလိုင်းများ ပျက်စီးပြီး လျှပ်စစ်မီးနှင့် တယ်လီဖုန်းဆက်သွယ်မှု ပြတ်တောက်ခြင်းများ ဖြစ်ခဲ့ရသည်။

### နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်စဉ်

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ဖူးသော ဆိုင်ကလုန်းများအနက် မုန်တိုင်းအချင်းကြီးမား၍ လေတိုက်နှုန်းပြင်းထန်ပြီး ပင်လယ်ဒီရေပါ မြင့်မားစွာတက်သည့် အဖျက်စွမ်းအားကြီးမားသော မုန်တိုင်းဖြစ်ပါသည်။




နာဂစ်မုန်တိုင်းသည် ၂၀၀၈ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်၌ ပထမဆုံးဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းကြီးဖြစ်ပြီး ယင်း၏သိပ္ပံအမည်မှာ O1B08 ဖြစ်သည်။ နာဂစ်ဟူ၍ အမည်တပ်ပေးရသောမုန်တိုင်းအဆင့်မှ အလွန်အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်းအဆင့်သို့ ပြောင်းလဲရောက်ရှိပြီး နေရာအချို့၌ တစ်နာရီ မိုင် ၁၅၀ ခန့်အထိ ပြင်းထန်စွာ တိုက်ခတ်ခဲ့သည်။ မုန်တိုင်းအချင်းဝက် မိုင် ၁၅၀ မှ ၂၀၀ ခန့်အထိ ကျယ်ပြန့်ရုံသာမက ဖြတ်ကျော်ဝင်ရောက်ရာ လမ်းကြောင်းရှည်လျားပြီး မုန်တိုင်းကာလကြာမြင့်မှုကို ကြည့်လျှင်လည်း မုန်တိုင်းငယ်အဆင့်မှ မုန်တိုင်းကြီးအဆင့်အဖြစ် ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်အထိ ၇ ရက်မျှ ကြာမြင့်ခဲ့သည်။

သမီးလှကျွန်း၌ ဗဟိုပြုနေချိန်တွင် မုန်တိုင်းကြီးသည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ ၄ နာရီခန့် ကြာမြင့်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းထန်စွာ တိုက်ခတ်ခြင်း၊ မုန်တိုင်းဒီရေမြင့်တက်ပြီး အလုံးအရင်းဖြင့်ဝင်ရောက်ခြင်း၊ ကုန်းတွင်းပိုင်းအထိ ရေကြီးခြင်း စသည့် အဖျက်စွမ်းအားများကိုဖြစ်ပေါ်စေသည့် ပြင်းထန်သော မုန်တိုင်းကြီးဖြစ်သည်။

မုန်တိုင်းကြီးသည် ၂၀၀၈ ခုနှစ် မေ ၂ ရက် ညနေပိုင်းမှစတင်၍ ဟိုင်းကြီးကျွန်းမှတစ်ဆင့် ဧရာဝတီမြစ်ဝကျွန်းပေါ် တောင်ပိုင်းဒေသအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ကာ ၂၀၀၈ ခုနှစ် မေ ၃ ရက် နံနက်ပိုင်းမှစတင်၍ ရန်ကုန်တိုင်း၊ တောင်ပိုင်းသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် မုန်တိုင်းအရှိန် တဖြည်းဖြည်း အားပျော့သွားပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် ပဲခူးတိုင်းတောင်ပိုင်း၊ ထိုမှတစ်ဆင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အကြားဒေသများမှ ၂၀၀၈ ခုနှစ် မေ ၃ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက် ပျက်ပြယ်သွားခဲ့သည်။

### မုန်တိုင်းကြောင့် သေဆုံး၊ ပျောက်ဆုံး၊ ပျက်စီးမှုအခြေအနေ

ဆိုင်ကလုန်းမုန်တိုင်းသည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် မြစ်ဝကျွန်းပေါ် မြေနိမ့်၊ မြေပြန့် လွင်ပြင်ကို အရှိန်ပြင်းထန်စွာ ဖြတ်သန်းတိုက်ခတ်ခဲ့သည့်အတွက် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်၊ ရန်ကုန်တိုင်းမှ ကိုးမြို့နယ် စုစုပေါင်း ၁၆ မြို့နယ်တို့၌ သေကျေပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် ဧရာဝတီတိုင်းအတွင်း၌ ငပုတော၊ လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် ခုနစ်မြို့နယ်လုံး၌လည်းကောင်း၊ ရန်ကုန်တိုင်းမှ ကိုးမြို့နယ်အနက် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌လည်းကောင်း မကြုံစဖူး အရေအတွက်အနေဖြင့်သာမက တန်ဖိုးပမာဏအရပါ ကြီးမားစွာ ထိခိုက်ဆုံးရှုံးခဲ့ရာ နိုင်ငံတော်တစ်ရပ်လုံးအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ ဆုံးရှုံးမှုကြီး ဖြစ်သည်။

- လူသေဆုံး၊ ပျောက်ဆုံးမှုနှင့် ဒဏ်ရာရရှိမှုအခြေအနေမှာ ဧရာဝတီတိုင်းတွင် သေဆုံးသူဦးရေ ၈၂၈၉၇ ဦး၊ ပျောက်ဆုံးသူဦးရေ ၅၃၈၂၈ ဦး၊ ဒဏ်ရာရသူဦးရေ ၃၇၀၂ ဦးဖြစ်သည်။ ရန်ကုန်တိုင်းတွင် သေဆုံးသူဦးရေ ၁၆၄၀၊ ပျောက်ဆုံးသူ ဦးရေ ရှစ်ဦး၊ ဒဏ်ရာရသူဦးရေ ၅၂ ဦး ဖြစ်သည်။
- ဧရာဝတီတိုင်း၌ သေဆုံးမှုအများဆုံးမှာ ဘိုကလေးမြို့နယ် ၃၄၇၄၄ ဦး၊ လပွတ္တာမြို့နယ် ၃၃၃၄၄ ဦး၊ မော်လမြိုင်ကျွန်းမြို့နယ် ၅၂၅၀၊ ငပုတောမြို့နယ် ၄၁၇၈ ဦး၊ ဒေးဒရဲမြို့နယ် ၄၁၁၁ ဦးတို့ဖြစ်သည်။ လူပျောက်ဆုံးမှု အများဆုံးမြို့နယ်မှာ လပွတ္တာဖြစ်ပြီး ၄၈၄၆၄ ဦး ပျောက်ဆုံးခဲ့သည်။
- ရန်ကုန်တိုင်းရှိ လူသေဆုံးသော မြို့နယ်များအနက် ကွမ်းခြံကုန်းမြို့နယ်သည် ၁၄၄၆ ဦးဖြင့် အများဆုံးသေဆုံးပြီး ဒုတိယအများဆုံးမြို့နယ်မှာ ၁၃၀ ဖြင့် ကော့မှူးမြို့နယ်ဖြစ်သည်။ ရန်ကုန်တိုင်း၌ သေကျေပျက်စီးမှုများပြားသော မြို့နယ် ကိုးမြို့နယ်မှာ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များအပြင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ဒလနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်တို့ ဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် တိုင်းနှစ်တိုင်းအတွင်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ပစ္စည်းများဆုံးရှုံးမှုပမာဏမှာ ခန့်မှန်းကျပ် ၁၁ ဒသမ ၇ ထရီလီယံရှိကြောင်း ပဏာမ စိစစ်တွက်ချက် ရရှိသည်။

### နိုင်ငံတော်၏ ချက်ချင်းတုံ့ပြန်အရေးယူဆောင်ရွက်ချက်များ

မုန်တိုင်းဒဏ်ခံရသည့် နယ်မြေများတွင် ကယ်ဆယ်စောင့်ရှောက်ရေး၊ အမိုးအကာအောက်ရောက်ရှိရေးလုပ်ငန်းများကို ဒေသအဆင့်ဖြင့်သာမက နိုင်ငံတော်အဆင့်အနေဖြင့်ပါ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ၂၀၀၈ ခုနှစ် မေ ၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး၌ အရေးပေါ်ခေါ်ယူကျင်းပပြီး ၂၀၀၅ ခုနှစ်ကတည်းကပင် ကြိုတင်ဖွဲ့စည်းထားပြီးသော ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီ ၁၀ ခုလုံးကို မိမိတို့ရည်မှန်းချက် တာဝန်အတိုင်း ဆောင်ရွက်စေရန် တာဝန်ပေးခဲ့သည်။ သက်ဆိုင်ရာ တာဝန်ခံဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည်လည်း ယင်းနေ့မှာပင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ မုန်တိုင်းသင့်ဒေသသို့ ချက်ချင်းထွက်ခွာခဲ့ကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအောက်ရှိ ဆပ်ကော်မတီ ၁၀ ခုမှာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အရေးပေါ်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရှာဖွေကယ်ဆယ်ရေး ဆပ်ကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပျက်စီးမှုပမာဏ သတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေးဆပ်ကော်မတီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးဆပ်ကော်မတီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပို့ဆောင်ရေးနှင့်လမ်းကြောင်း ရှင်းလင်းရေးဆပ်ကော်မတီ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ဘေးအန္တရာယ်လျော့ပါးရေးနှင့်အရေးပေါ် အမိုးအကာထူထောင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ကျန်းမာရေး ဆပ်ကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် လုံခြုံရေးဆပ်ကော်မတီတို့က ချက်ချင်းပင် မိမိဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လေဘေးသင့်ဒေသများသို့ သွားရောက်ကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ) အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများကို ဖိဖိစီးစီး ပေါင်းစပ်ညှိနှိုင်းခြင်း၊ အနီးကပ်ကွပ်ကဲကြပ်မတ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ် မေ ၃ ရက်၌ပင် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းအခြေပြုခဲ့ပြီး ဗဟိုကွပ်ကဲမှုရုံးကို ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ဖွင့်လှစ်ထားရှိခဲ့သည်။

ဗဟိုကော်မတီသည် ရှေးဦးကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါ ရည်မှန်းချက်တာဝန်များချမှတ်၍ အချိန်ပြည့် လုပ်ကိုင် ဆောင်ရွက်ခဲ့သည် -

(က) မုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ခဲ့ရာ ဒေသများ၌ အသက်မသေကျန်ရစ်သူများကို အရေးပေါ်ကယ်ဆယ်ရေး၊ လိုအပ်သော စားစရာ၊ သောက်စရာ၊ ဝတ်စရာများ ထောက်ပံ့ရေးနှင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရေး။

( ခ ) လေဘေးသင့်သူများအား အရေးပေါ်ဆေးဝါးကုသ စောင့်ရှောက်ရေးနှင့် အခြား ကူးဆက်ရောဂါများ မဖြစ်ပွားအောင် ကာကွယ်တားဆီးရေး။

( ဂ ) လေဘေးသင့်ဒေသများ၌ ဒေသအလိုက် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုနှင့်တရားဥပဒေစိုးမိုးမှု ခိုင်မာတောင့်တင်းရေး။

(ဃ) ထောက်ပံ့ရေး လမ်းကြောင်းများ ပြန်လည်ချောမွေ့စေရေးနှင့် တယ်လီဖုန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်စေရေး။

( င ) ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူရေး။

( စ ) အထက်ပါ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရင်း လေဘေးသင့်ပြည်သူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး။

*စာမျက်နှာ ၁၁ သို့*

- **ဆိုင်ကလုန်းမုန်တိုင်းသည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် မြစ်ဝကျွန်းပေါ် မြေနိမ့်၊ မြေပြန့် လွင်ပြင်ကို အရှိန်ပြင်းထန်စွာ ဖြတ်သန်းတိုက်ခတ်ခဲ့ သည့်အတွက် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်၊ ရန်ကုန်တိုင်းမှ ကိုးမြို့နယ် စုစုပေါင်း ၁၆ မြို့နယ်တို့၌ သေကျေပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့**
- **မကြုံစဖူး အရေအတွက်အနေဖြင့်သာမက တန်ဖိုးပမာဏအရပါ ကြီးမားစွာ ထိခိုက်ဆုံးရှုံးခဲ့ရာ နိုင်ငံတော်တစ်ရပ်လုံးအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ ဆုံးရှုံးမှုကြီးဖြစ်**

# အကြိမ် (၃၀) မြောက် မုတ်သုံဖိုရမ် ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဧပြီ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြိမ်(၃၀)မြောက် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယမန်နေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မုတ်သုံဖိုရမ်ဆွေးနွေးပွဲတွင် ၂၀၁၂-၂၀၁၃ ခုနှစ် ဆောင်းရာသီကာလအတွက် ထုတ်ပြန်ပေးခဲ့သည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ယေဘုယျခန့်မှန်းချက်များ၊ အဆိုပါကာလအတွက် စိုက်ပျိုးရေး မိုးလေဝသအခြေအနေများ၊ ၂၀၁၃ ခုနှစ် မိုးရာသီကာလ (အနောက်တောင်မုတ်သုံရာသီကာလ) အတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ယေဘုယျခန့်မှန်းချက်များနှင့် အယ်လ်နီညိုရာသီဥတုအခြေအနေများအား တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသော ဌာနများမှ တာဝန်ရှိသူများက ဆောင်းရာသီကာလအတွင်း တွေ့ကြုံခဲ့သော အခြေအနေများ၊ ၂၀၁၃ ခုနှစ် မိုးရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု အခြေအနေများ၊ လိုအပ်ချက်များနှင့် အကြံပြုချက်များကို ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၁ ဦးခန့် တက်ရောက်ခဲ့ကြသည်။

**ဧယျာ**

*စာမျက်နှာ ၁၀ မှ*

ယင်းရည်မှန်းချက်များကို ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်တို့သည် ပုသိမ်မြို့၌လည်းကောင်း၊ လေဘေးသင့်ဒေသများ၌ အနီးကပ်စီမံကွပ်ကဲမှုအတွက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ၂၀ဝ၈ ခုနှစ် မေ ၄ ရက်မှ စတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ရောက်ရှိတာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ မြို့နယ်နှင့် မြို့နယ်ခွဲများအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးများမှာ လပွတ္တာမြို့နယ်အား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်ချုပ်တင်ထွတ်၊ ဟိုင်းကြီးကျွန်း (ငပုတော) မြို့နယ်အား ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဘိုကလေးမြို့နယ်အား ဗိုလ်မှူးချုပ် သိန်းအောင်၊ မော်လမြိုင်ကျွန်းမြို့နယ်အား ဗိုလ်မှူးကြီး သိန်းညွန့်၊ ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်အား ဗိုလ်ချုပ်စိုးနိုင်၊ ဒေးဒရဲမြို့နယ်အား ဗိုလ်ချုပ်အောင်မင်း၊ ကွမ်းခြံကုန်းမြို့နယ်အား ဗိုလ်မှူးချုပ်လွန်းသီ၊ ကော့မှူးမြို့နယ်အား ဗိုလ်မှူးချုပ် သူရအေးမြင့်၊ တွံတေးမြို့နယ်အား ဦးစိုးသာ၊ ခရမ်းမြို့နယ်အား ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ သုံးခွမြို့နယ်အား ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကျောက်တန်းမြို့နယ်အား ဗိုလ်ချုပ်သိန်းဆွေတို့ဖြစ်သည်။ ပထမပိုင်းတွင် ဗိုလ်ချုပ်ဌေးဦး၊ ဒုတိယဗိုလ်ချုပ် ကြီး စိုးသိန်းတို့က တာဝန်ယူခဲ့ကြသည်။ ဗိုလ်မှူးချုပ်လွန်းသီလည်း ပထမပိုင်းတွင် ကွမ်းခြံကုန်း၊ ကော့မှူးနှင့် ဒေးဒရဲတို့ကို တာဝန်ယူခဲ့သည်။

ထို့အတူ ဗဟိုကော်မတီအတွင်းရေးမှူးဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အဖွဲ့ဝင်များဖြစ်သော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ရန်ကုန်မြို့၌ အခြေပြုပြီး လိုအပ်သည့်ဒေသများသို့ လှည့်လည်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ စီမံမှုဖြင့် ဧရာဝတီတိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်နှင့်လက်အောက်ခံတပ်ရင်းများ၊ ရဲတပ်ရင်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်းများ၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်းများကိုလည်းကောင်း၊ ရဲတပ်ရင်းများကိုလည်းကောင်း အသီးသီးစေလွှတ်၍ ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ နေရာချထားရေးနှင့် လမ်းကြောင်းပိတ်ဆို့မှုများ ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့သည်။

တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှ ရေယာဉ်များ၊ လေယာဉ်များနှင့် ရဟတ်ယာဉ်များ အသုံးပြု၍ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များက လေဘေးသင့်ဒေသများအတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းနှင့် စားသောက်စရာ၊ ဝတ်စရာအပါအဝင် ဆေးဝါးပစ္စည်းမျိုးစုံ ပို့ဆောင်ရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက် နေ့ညမပြတ်ဆောင်ရွက်ခဲ့သည်။



တပ်မတော် (လေ)မှ ရဟတ်ယာဉ်များဖြင့် လေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်ပေးစဉ်။

တပ်မတော် မော်တော်ယာဉ်များနှင့် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော် ဦးစီးသည့် အထောက်အကူပြုအဖွဲ့ကိုလည်း ရန်ကုန်မြို့၌ အခြေပြုစေလျက် လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ထို့အတူ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် မုန်တိုင်းသင့်ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ၂၀ဝ၈ ခုနှစ် မေ ၇ ရက်မှ ၂၀ဝ၈ ခုနှစ် ဇွန် ၉ ရက်အထိ တာဝန်ယူပြီး ဗဟိုကွပ်ကဲမှုရုံး၌ အချိန်ပြည့်ရုံးထိုင်၍ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို လေဘေးသင့်ဒေသများသို့ ခွဲဝေဖြန့်ဖြူးရေး၊ အချိန်မီရောက်ရှိအောင် သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲရေး စသည့် အချိန်နှင့်တစ်ပြေးညီ အမြန်ဆောင်ရွက်ရမည့်ကိစ္စများကို အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ်ထံတင်ပြ၍ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဗဟိုကွပ်ကဲမှုရုံး၌ အတူတကွ ရုံးထိုင်လျက်ရှိသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တွဲဖက်စစ်ထောက်ချုပ် စသည့် ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးပစ္စည်း ရောက်ရှိရာ၊ သိုလှောင်ရာနှင့် ပို့ဆောင်ရေး နေရာများသို့ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆုံးဖြတ်ဖြေရှင်းခြင်းတို့အား ထိရောက်စွာ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကယ်ဆယ်ရေးပစ္စည်းများနှင့် စပ်လျဉ်း၍ စားသောက်ကုန်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ ဘဏ္ဍာငွေကြေး၊ စာရင်းဇယား စသည်ဖြင့် ငွေကြေးပစ္စည်း အမျိုးအစားအလိုက် ဒုတိယဝန်ကြီးများကို တာဝန်ခံများအဖြစ်ပေးအပ်ပြီး လုပ်ငန်းများကို ဖိဖိစီးစီးအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ခြုံလိုက်လျှင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဝန်ကြီးချုပ် ဦးဆောင်ပြီး အစိုးရအဖွဲ့တစ်ဖွဲ့လုံး သွားရောက်ကူညီဆောင်ရွက်ခဲ့သည်မှာ ကမ္ဘာတွင် မြန်မာနိုင်ငံသာရှိခဲ့ပါသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအနေဖြင့် လေဘေးသင့်မြို့နယ်များကို တာဝန်ခံပြီး ဆောင်ရွက်ခဲ့ကြသည်။ ဗဟိုကော်မတီ၏ ဦးဆောင်မှု၊ ဆပ်ကော်မတီများ၏ တာဝန်ယူမှုတို့ဖြင့် အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တာဝန်ရှိသူ တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဟန်ချက်ညီညီမျှဝေ ထမ်းဆောင်နိုင်ခဲ့ကြသည်။ အရေးပေါ်ချက်ချင်းလုပ်ကိုင်ဆောင်ရွက်ရမည့်ယင်းကဲ့သို့အခြေအနေ အချိန်အခါ၌ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား ထိရောက်သော ပေါင်းစပ်ညှိနှိုင်းမှုများကိုလည်းကောင်း၊ ဗဟိုနှင့် ဒေသဆိုင်ရာများအကြား အပြန်အလှန်လိုအပ်ချက်များကို မြန်ဆန်သွက်လက်စွာ ဖြည့်ဆည်းဆောင်ရွက်ရေးကိုလည်းကောင်း၊ လတ်တလောဖြေရှင်းရမည့်ကိစ္စများနှင့် မူဝါဒပါသောကိစ္စများကို ခွဲခြားနားလည် သိရှိကိုင်တွယ်ရေးတို့ကိုလည်းကောင်း၊ လူကြီးများနှင့်အနီးကပ်ထိုင်လျက်ရှိသော အထောက်အကူပြုအဖွဲ့ တာဝန်ခံများက ညီညီညွတ်ညွတ် တာဝန်ခံဆောင်ရွက်နိုင်ခဲ့ကြသည်။

**ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်မှုအခြေအနေ**

နိုင်ငံတော်အစိုးရသည် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၅ ဘီလီယံကို ပဏာမခွင့်ပြုခဲ့ပြီး စတင်ဆောင်ရွက်ခဲ့ရာမှ ထပ်မံ၍ လိုအပ်သောဘဏ္ဍာငွေများကို ခွင့်ပြုပေးခဲ့ပြီး ကျပ် ဘီလီယံ ၇၀ ကျော်ခန့်သုံးစွဲ၍ လိုအပ်ချက်များကိုဖြည့်ဆည်းကာ လေဘေးသင့်သူများအတွက် စားစရာဆန်၊ သောက်စရာရေ၊ ဝတ်စရာ အင်္ကျီ လုံခြည်နှင့် စောင်များအပြင် နေစရာ၊ ချက်ပြုတ်စရာ စသည့် မိုးကာ၊ ပလတ်စတစ်ပန်းကန်၊ အိုးခွက်၊ ပေါက်ပြား၊ ဓား စသည်တို့ကို ဖြည့်ဆည်းထောက်ပံ့ခဲ့သည်။ နောက်ပိုင်းတွင် ယာယီနေစရာ ရွက်ဖျင်တဲများအစား အမြဲတမ်းနေထိုင်နိုင်သည့် အခိုင်အမာအိမ်များ ဆောက်လုပ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် ရှေ့တန်းစခန်း ၁၂ ခု၊ အလယ်တန်းစခန်း ခြောက်ခုနှင့် နောက်တန်း စခန်းသုံးခုတို့ဖွင့်လှစ်ပြီး တပ်မတော်သားပေါင်း လေးသောင်းခန့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်ပေါင်း လေးထောင်ခန့်၊ လူမှုရေးအသင်းအဖွဲ့ဝင်ပေါင်း ၃၆၀၀၀ ကျော်တို့က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းတာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၇၄ ခုကလည်း ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌ နွေရာသီသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၉**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်များ၊ တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြသည်။

**ယဉ်ကျေးလိမ္မာသင်တန်းဖွင့်**

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ သန္တိသုခဓမ္မာရုံနှင့် အောင်ဆန်းခန်းမတို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲများကို ပြုလုပ်ရာ မော်လမြိုင်မြို့ ကော့ကလုပ်ကျောင်း ဆရာတော်ဘဒ္ဒန္တ အိန္ဒာစရိယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုလက်ဆောင်များပေးအပ်**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မော်လမြိုင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ကျောင်းသား ကျောင်းသူများ၏ (၃၈)ဖြာ မင်္ဂလာတရားတော်များ၊ ပြည်သူ့နီတိကဗျာများ သီဆိုသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် သင်ကြားပို့ချမည့် သင်တန်းနည်းပြများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။



အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌လည်း တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊လေကြောင်းပညာကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ် သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံ လေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၁ ဦးနှင့် ကျောက်ဖြူမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်း လူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဟုမ္မလင်းလေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော်(လေ) လေကြောင်းလူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ဆေးများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းပန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းထက်အောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျောင်းထမ့် ၃ မိုင် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ဆေးများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်အခက်အခဲမရှိစေရေး ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့သစ်မြို့နယ်၌ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**မြို့သစ် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် အဖွဲ့က ဧပြီ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ဖွင့်လှစ်မည့် အခြေအနေကို ဒေသတွင်းနှင့် အခြားမြို့နယ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် အသိပေးဆောင်ရွက်ရန် အခြေအနေများ၊ လာမည့်ပညာသင်နှစ်တွင် သင်ကြားရေး အစီအစဉ်များကို မှာကြားပြီး စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အဆောက်အအုံ ၁၀၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ပြန်/ဆက်)**

# ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါး၏ အာဖရိက လေးနိုင်ငံခရီးစဉ် စတင်



**တိုကျို မေ ၂၉**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါးသည် ယခုသီတင်းပတ်တွင် အာဖရိက ခရီးစဉ် စတင်မည်ဖြစ်ကြောင်းနှင့် ခုနစ်ရက်ကြာ ခရီးစဉ်အတွင်းအီဂျစ်၊ ဂါနာ၊ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

၎င်းက လာမည့်လတွင် ဟီရိုရှီးမား၌ ပြုလုပ်မည့် ဂျီ - ၇ ထိပ်သီး အစည်းအဝေးအတွက် အရှိန်မြှင့်တင်ရန် ဂျပန်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါခရီးစဉ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် တာဝန်ထမ်းဆောင်ပြီးနောက် အာဖရိကသို့ ဝန်ကြီးချုပ် ကီရှီဒါး၏ ပထမဆုံးခရီးစဉ်လည်း ဖြစ်သည်။

အီဂျစ်၊ ဂါနာ၊ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံတို့သည် ကမ္ဘာ့တောင်ခြမ်းဟု လူသိများသော ဩဇာလွှမ်းမိုးမှုရှိသော နိုင်ငံများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကီရှီဒါးသည် အထူးသဖြင့် စားနပ်ရိက္ခာနှင့် စွမ်းအင်ကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများနှင့် ဂျပန်နိုင်ငံ၏ ဆက်ဆံရေးကို အလေးပေးဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ပြောသည်။

၎င်းသည် အာဖရိကခရီးစဉ် ပြီးဆုံးပါက ဂျပန်နိုင်ငံသို့မပြန်မီ စင်ကာပူနိုင်ငံသို့ ဆက်လက်ထွက်ခွာဦးမည်ဖြစ်ကြောင်း သိရသည်။ မေ ၂၉ ရက်တွင် နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိ ယိုရှီမာဆာသည် ပီရူးနှင့် ချီလီနိုင်ငံတို့အပါအဝင် လက်တင်အမေရိကသို့ ထွက်ခွာသွားကြောင်း သိရသည်။ အဆိုပါဝန်ကြီးသည် ထိုခရီးစဉ်အတွင်း တွင်းထွက်သယံဇာတကဲ့သို့ နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းများကို ဆွေးနွေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဆူဒန်နိုင်ငံ၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ

**ခါတွန် မေ ၂၉**

ဆူဒန်နိုင်ငံ၌ လက်နက်ကိုင်နှစ်ဖွဲ့ကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် ယခုလ အစောပိုင်းတွင် စတင်ဖြစ်ပွားခဲ့သော သွေးထွက်သံယိုဖြစ်ပွားမှု ရပ်တန့်ရေးကို အနည်းငယ်သာ လုပ်ဆောင်နိုင်သေးကြောင်း သိရသည်။



မေ ၂၈ ရက် ညသန်းခေါင်ယံမှစတင်ကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို နောက်ထပ် ၇၂ နာရီ သက်တမ်း တိုးခဲ့ကြသော်လည်း မြို့တော်အတွင်းနှင့် အခြားသော ဒေသများတွင် တိုက်ပွဲဆက်လက်ဖြစ်ပွားနေကြောင်း ဒေသခံမီဒီယာများက ပြောသည်။

ဆူဒန်နိုင်ငံ၌ ဧပြီ ၁၅ ရက်က လက်နက်ကိုင် နှစ်ဖွဲ့အကြား တိုက်ပွဲစတင်ဖြစ်ပွားပြီး နောက်ပိုင်း လက်ရှိတွင် လူပေါင်း ၅၁၂ ဦး သေဆုံးပြီးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။ မြို့တော်ခါတွန်အနီး တိုက်ခိုက်မှုတစ်ခုကို တွန်းလှန်နိုင်ခဲ့ပြီး လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူများက မေ ၂၈ ရက်တွင် ပြောသည်။

Rapid Support Forces ဟု လူသိများသော လက်နက်ကိုင်အဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက စစ်မြေပြင်တွင် ၎င်းတို့အနေဖြင့် လက်နက်ကိုင် တိုက်ပွဲဝင်နေကြောင်း ဗီဒီယိုဖိုင်တစ်ခုတွင် ပြောသည်။ ထိုကဲ့သို့ ဖြစ်ရပ်များကြောင့် လူထောင်ပေါင်းများစွာ အိုးအိမ် စွန့်ခွာခဲ့ကြရကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက မေ ၂၈ ရက်တွင် ပြောသည်။

ထို့ပြင် ပြင်းထန်သော တိုက်ပွဲများအကြား လူနေရပ်ကွက်များအတွင်း လူပေါင်းထောင်ချီ ပိတ်မိနေသေးကြောင်း အဆိုပါရုံးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် ဂျီ - ၇ ဝန်ကြီးများအဆင့် အစည်းအဝေးစတင်

**တိုကျို မေ ၂၉**

ဂျီ - ၇ အုပ်စုဝင်နိုင်ငံများ၏ ဝန်ကြီးများသည် ဉာဏ်ရည်တုနည်းပညာကို အကောင်းဆုံး အသုံးပြုနည်းနှင့် ယင်းကို မြှင့်တင်ရန်နှင့် ထိန်းညှိရန် နည်းလမ်းများအကြောင်း ဆွေးနွေးမှုများ စတင်နေပြီဖြစ်သည်။

ဂျီ-၇ နိုင်ငံများ၏ ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးကို ဂျပန်နိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ တိုကျိုမြို့ မြောက်ဘက် တာကာဆာကီမြို့တွင် မေ ၂၉ ရက်နှင့် ၃၀ ရက်အထိ ကျင်းပလျက်ရှိသည်။

လူ့အဖွဲ့အစည်းကို သိသိသာသာ ပြောင်းလဲသွားစေမည့် ဉာဏ်ရည်တုနည်းပညာအပေါ် မျှော်လင့်ချက်ကြီးကြီး ထားလျက်ရှိသော်လည်း ကိုယ်ရေးကိုယ်တာ ချိုးဖောက်မှုနှင့် သတင်းအချက်အလက်ပေါက်ကြားမှုများနှင့် ပတ်သက်သည့် စိုးရိမ်မှုအမျိုးမျိုးလည်း ဖြစ်ပေါ်လျက်ရှိသည်။

ဂျီ - ၇ နိုင်ငံများမှ ဝန်ကြီးများသည် ဉာဏ်ရည်တု(AI)ကို မှန်ကန်စွာ



အသုံးပြုခြင်းအတွက် လမ်းညွှန်ချက်များကို ယုံကြည်စိတ်ချနိုင်သည့် နည်းလမ်းများဖြင့် စုစည်းနိုင်ရန် ရည်ရွယ်ဆွေးနွေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# မက္ကဆီကိုသမ္မတ တတိယအကြိမ် ကိုဗစ် - ၁၉ ကူးစက်ခံရပြီးနောက် ရောဂါပျောက်ကင်းသွားပြီဟုဆို



မက္ကဆီကိုသမ္မတ။

**မက္ကဆီကို မေ ၂၉**

မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ် လိုပက်ဇ် အိုဘရာဒေါသည် ကိုဗစ်-၁၉ ကူသမှုခံယူပြီးနောက် ရောဂါစစ်ဆေးရာတွင် ရောဂါပျောက်ကင်းသွားပြီဟု အဖြေထွက်ကြောင်း မေ ၂၈ ရက်တွင် ပြောသည်။ တစ်ပတ်ကြာ သီးသန့်ခွဲခြားနေထိုင်ပြီးနောက် ပုံမှန်ပြုလုပ်နေကျ သတင်းစာရှင်းလင်းပွဲသို့ ပြန်လည်တက်ရောက်ခဲ့ပြီး ဆရာဝန်များက ၎င်းကိုရေများများသောက်ရန်နှင့် အနားယူရန် ညွှန်ကြားထားကြောင်း ပြောသည်။ မေ ၂၃ ရက်တွင် မက္ကဆီကိုသမ္မတ က ၎င်းတွင် ကိုဗစ် - ၁၉ တတိယအကြိမ်ကူးစက်ခံထားရကြောင်း ကြေညာခဲ့သည်။ အသက် ၆၉ နှစ်အရွယ် မက္ကဆီကိုသမ္မတ က ၎င်းတွင် သွေးတိုးရောဂါ ခံစားနေရပြီး ၂၀၁၃ ခုနှစ်တွင် နှလုံးရောဂါခံစားခဲ့ရသည်ဟု ပြောသည်။ **ဆင်ဟွာ**

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

### ကုလသမဂ္ဂအေဂျင်စီက ကမ္ဘောဒီးယား ငါးဖမ်းလုပ်ငန်း ၂၈ ခုအတွက် ဆန်းသစ်သော စက်ကိရိယာများ ထောက်ပံ့

ကမ္ဘောဒီးယားနိုင်ငံ၏ ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ယူအင်န်အိုင်ဒီအို) တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ရိတ်သိမ်းချိန်လွန်ငါးဖမ်းကဏ္ဍတွင် လုပ်ကိုင်နေသော ငါးဖမ်းလုပ်ငန်း ၂၈ ခုကို အစိမ်းရောင်ဆန်းသစ်သော စက်ကိရိယာများနှင့် ဆုများ ပေးအပ်ခဲ့ကြောင်း မေ ၂၉ ရက်က ထုတ်ပြန်သည်။ **ဆင်ဟွာ**

### သီရိလင်္ကာ၏ ငွေကြေးဖောင်းပွမှုနှုန်း ၃၅ ရာခိုင်နှုန်းသို့ ကျဆင်းလာ

ကိုလံဘိုစားသုံးသူဈေးနှုန်းအညွှန်းကိန်း (စီစီပီအိုင်) က တိုင်းတာသော သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် မေလတွင် ၃၅ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း မေ ၂၈ ရက်က ဖော်ပြသော အချက်အလက်အရ သိရသည်။ မတ်လတွင် စီစီပီအိုင်အခြေပြု ငွေကြေးဖောင်းပွမှုသည် ၅၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သန်းခေါင်စာရင်းနှင့် စာရင်းအင်းဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

### ဆီးရီးယားသို့ အလည်အပတ်ခရီး အီရန်သမ္မတ သွားမည်

အီရန်သမ္မတ အီဗရာဟင် ရိုင်စီ သည် ဆီးရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အီရန်အကြီးတန်းအရာရှိတစ်ဦးက မေ ၂၉ ရက်တွင် အတည်ပြုပြောကြားသည်။ သမ္မတ ရိုင်စီ၏ ဆီးရီးယားခရီးစဉ်တွင် တင်းမာနေသည့် ပထဝီဝင်နိုင်ငံရေး ပြောင်းလဲမှုကာလအပြီး အီရန်ဦးဆောင်သော တော်လှန်ရေးတပ်ဦး၏ အနောက်အာရှတွင် အမေရိကန်ကို ဆန့်ကျင်သည့်အောင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### အိုမီခရွန်မျိုးကွဲသစ် XBB.1.16 မှာ အမေရိကန်၌ ဒုတိယကူးစက်မှုအများဆုံးမျိုးကွဲဖြစ်လာ

အိုမီခရွန်မျိုးကွဲသစ် XBB.1.16 မှာ အမေရိကန်၌ လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိပြီး တိုင်းပြည်အတွင်း ဒုတိယကူးစက်မှု အများဆုံးဖြစ်လာသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)က မေ ၂၈ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ယခုသီတင်းပတ်အတွင်း နောက်ထပ်ကူးစက်မှုများ၏ ၁၂ ရာခိုင်နှုန်းမှာ အိုမီခရွန်မျိုးကွဲသစ် XBB.1.16 ၏ ကူးစက်မှုပင်ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၄ ရာခိုင်နှုန်း ကူးစက်မှုတိုးလာခြင်းပင်ဖြစ်သည်။ **ဆင်ဟွာ**

### အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှုကို ဆီးရီးယားလေကြောင်း ကာကွယ်ရေးမှ ကြားဖြတ်ဟန့်တားနိုင်ခဲ့

ဆီးရီးယားနိုင်ငံ ဟွန်းမ်မြို့၌ အစ္စရေးတို့၏ ဒုံးကျည်တိုက်ခိုက်မှုကို ဆီးရီးယားလေကြောင်းကာကွယ်ရေးမှ ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု ဆားနားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ဟွန်းမ်မြို့သို့ ဦးတည်၍ ရန်လိုသည့်လေကြောင်းတိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် လေကြောင်းကာကွယ်မှု ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါတိုက်ခိုက်မှုအတွင်း အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆီးရီးယားကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြ

**ဘားအံ ဧပြီ ၂၉**

၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့တွင်ကျရောက်မည့် (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ဘားအံမြို့နယ် စုပေါင်းရုံး၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက် အားပေးကြသည်။

အဆိုပါ လေ့ကျင့်သရုပ်ပြသမှုကို ကရင်ပြည်နယ် မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေး အဖွဲ့(ဘားအံ)နှင့် ဘားအံမြို့နယ် စုပေါင်းရုံးရှိ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ကရင်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးတင်မောင်နီ၊ ဘားအံခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်း တို့၏ ကြီးကြပ်မှုဖြင့် မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး(ဘားအံ)မှ လူနာတင်ယာဉ် နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ လူမှုကယ်ဆယ်ရေး အဖွဲ့ဝင် ၁၀ ဦး၊ ဘားအံမြို့နယ် စုပေါင်းရုံးမှ ဝန်ထမ်း ၅၀ ပူးပေါင်းပါဝင်၍ ရုံးတွင်းမီးလောင်မှု ဖြစ်ပွားခြင်းနှင့် မီးလောင်မှုကြောင့်ပိတ်မိနေသော ဒဏ်ရာရ လူနာများအား ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက အသက်ကယ်ကြိုးများဖြင့် ဘေးလွတ်ရာသို့ ရှာဖွေကယ်ဆယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း၊ ဒဏ်ရာရ လူနာများအား ကယ်ဆယ်ရေးလူနာတင်ယာဉ်များဖြင့် ဆေးရုံသို့ပို့ဆောင်ခြင်း၊ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်း သတ်ခြင်းများကို လေ့ကျင့်သရုပ်ပြသရာ ပြည်နယ် ဝန်ကြီးချုပ်က ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လေ့ကျင့် သရုပ်ပြသရာတွင် ပါဝင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင် များအားတွေ့ဆုံ၍ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်စွမ်းရည်များ၊ အသက်ကယ်စွမ်းရည်များ တိုးတက်မြင့်မားနေစေရန် စဉ်ဆက်မပြတ်လေ့ကျင့် ကြရန်၊ တပ်ဖွဲ့ဝင်၊ မီးငြိမ်းသတ်ယာဉ်နှင့် စက်ယန္တရား များ အမြဲတမ်းအသင့်ရှိနေရန်လိုပြီး လူမှုကယ်ဆယ် ရေးအဖွဲ့များနှင့်လည်း အမြဲပူးပေါင်း၍ ပြည်သူများ၏ အခက်အခဲ၊ အန္တရာယ်များကို ကာကွယ်စောင့်ရှောက် ပေးကြရန်မှာကြားကာ ငွေကျပ်ငါးသိန်း ထောက်ပံ့ ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ အားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိ ကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည် နယ်(တောင်ပိုင်း) လင်းခေးမြို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ် တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်း ကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက် မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၀ မြို့နယ် တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာန ဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်း များ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံ ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင် သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် များ၊ ပြည်သူ့စစ်တပ်အဖွဲ့ဝင်များ၊ တပ်မတော်သား များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင် များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန် စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ "မြို့ရွာ သန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံ များ ဝတ်ဆင်ပြီး မဟာအောင်မြေမြို့နယ် ဗန်းမော် ကျောင်းတိုက်ဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက် ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင် ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

**သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၉**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀ တွေ့ရှိ

## ယနေ့ သေဆုံးသူ တစ်ဦးရှိ

**(၂၉-၄-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၄-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၉-၄-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၅၁,၇၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၈၀၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၈၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုအကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ဝတ်အခန်းများ၊ လူထုထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ဝတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၈၅ | ၂၃၁၅ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၅၀ | ၁၉၅၀ | ၁၉၁၀ | ၁၉၅၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၂၀၅၅ | ၂၀၅၀ | ၁၉၄၀ | ၁၉၅၅ | ၁၉၉၀ | ၁၉၉၀ | ၁၉၉၀ | ၂၂၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၁ | ၁၉၆၂ |
| 95 Ron | ၁၉၆၆ | ၂၀၃၉ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၇၀ |
| HSD (50 ppm) | ၁၈၇၈ | ၁၉၄၅ |
| HSD (10 ppm) | ၁၈၇၈ | ၁၉၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပူတာအိုမြို့ မြို့မဈေး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်

ပူတာအို ဧပြီ ၂၉

ကချင်ပြည်နယ် ပူတာအိုမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူများ သွားလာနေထိုင်ရေးအတွက် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်း(ယာဉ်)နှင့်Mask Campaign ပြုလုပ်ခြင်းကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ပူတာအိုမြို့ မြို့မစည်ပင်သာယာဈေး၌ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်သည်။

Mask Campaign ပြုလုပ်ရာတွင် ခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးခေါင်လန်ဒီးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြို့မဈေးနှင့်နံနက်ဈေးတွင် ဈေးရောင်းဈေးဝယ်ပြည်သူများနှင့်လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ဖုန်းကန်(ပူတာအို)



# တောင်ရိုးတိုင်းရင်းသားများရဲ့ ချစ်ကြည်နူးစရာ တာတက်ပွဲ၊ မီးလုံးပွဲနဲ့ လက်စားချို လက်စားဆပ် ရိုးရာဓလေ့ပွဲတော်များ



■ ယဉ်လာဒ်

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ အတွေ့ရများတဲ့ ရိုးရာဓလေ့ပွဲတော်အချို့အကြောင်းကို ဒီတစ်ပတ်မှာ မြန်မာ့အလင်း စာဖတ်ပရိသတ်ကြီးအတွက် မျှဝေလိုပါတယ်။

အဲဒီပွဲတော်တွေကတော့ တောင်ရိုးတိုင်းရင်းသားတို့ရဲ့ ပွဲတော်တွေဖြစ်တဲ့ တာတက်ပွဲ၊ မီးလုံးပွဲ၊ လက်စားချိုလက်စားဆပ်ပွဲတို့ဖြစ်ပါတယ်။ တန်ခူးလနဲ့ ကဆုန်လတွေမှာ တောင်ရိုးတိုင်းရင်းသားတွေ အများဆုံးနေထိုင်ကြတဲ့ ကလောမြို့မှာတော့ ဘုရားသွားကျောင်းတက်နဲ့ တစ်ရွာဝင်တစ်ရွာထွက် ပျော်ပျော်ပါးပါး ကျင်းပလေ့ရှိတဲ့ လက်စားချို လက်စားဆပ်နဲ့ တာတက်ပွဲတွေကို မြို့နယ်အတွင်း ကျေးရွာအလိုက် စုပေါင်း ကျင်းပလေ့ရှိကြတယ်။

### တာတက်ပွဲ

တောင်ရိုး တိုင်းရင်းသားတွေရဲ့ ဒီပွဲတော်ကို အခုလိုကာလ တန်ခူး၊ ကဆုန်လများအတွင်း တောင်ရိုးတိုင်းရင်းသားတွေ နေထိုင်ကြတဲ့ မြို့နယ်အလိုက် ရွာအလိုက်တွေမှာ ကျင်းပလေ့ရှိကြပါတယ်။ တစ်ခါတလေ တစ်နေ့တည်းမှာ သုံးလေးပွဲ ကျင်းပတာလည်း ရှိတတ်ကြပါတယ်။ တာတက်ပွဲတွေကို အလှည့်ကျ ကျင်းပမယ့်ရက်အလိုက် ရွာတွေမှာ စုပေါင်း ကျင်းပကြတယ်။ သင်္ကြန်အတက်နေ့အပြီး နောက်ရက်ဖြစ်တဲ့ နှစ်ဆန်း ၁ ရက်နေ့ကစပြီး ကဆုန်လကွယ်နေ့အထိတိုင်အောင် အလှည့်ကျကျင်းပလေ့ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ကလော၊ အောင်ပန်း၊ ပင်းတယနဲ့ ပင်လောင်းမြို့နယ်တွေမှာ တောင်ရိုးတိုင်းရင်းသားတွေ အများဆုံးတွေ့ရှိရပြီး လူဦးရေငါးသိန်းကျော်ရှိတာမို့ တစ်ရွာပြီးတစ်ရွာ ပွဲတွေပြုလုပ်နေကြတာ ပျော်တပြုံးပြုံးနဲ့ မမောနိုင် မပန်းနိုင်အောင်ပါပဲ။

တာတက်ပွဲဆိုတာ ဓနု၊ တောင်ရိုး၊ ပအိုဝ်းလူမျိုးတွေရဲ့ ရိုးရာပွဲတော်တစ်ခုလို့လည်း ဆိုနိုင်ပါသေးတယ်။ တာတက်ပွဲကိုတချို့ဒေသတွေမှာပွဲဝင်တယ်လို့လည်း ခေါ်ဝေါ်သုံးစွဲကြပါတယ်။ ပွဲဝင်ခံရတဲ့ရွာကို တခြားရွာမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူကြီး၊ လူငယ်မကျန် လာရောက်ကြပါတယ်။ လာတဲ့အခါ ရွာဘုန်းတော်ကြီးကျောင်းအတွက် လှူဖွယ်ပစ္စည်းတွေအစုံအလင်နဲ့ တပျော်တပါး လာရောက်ကြတာပါ။ အဲဒီထဲမှာ ဘုန်းတော်ကြီးကျောင်းအတွက် ရိုးရာမပျက် ဆွမ်းတော်အုပ်ပါသလို ကျေးရွာအလိုက် ကိုယ့်အစုအဖွဲ့နဲ့ကိုယ် အိုးစည်ဗုံမောင်းတွေကို တီးခတ်ဖျော်ဖြေရင်း တာဝင်ကြတယ်လို့ သိရပါတယ်။

တစ်နှစ်တာကာလပတ်လုံး လယ်ယာလုပ်ငန်းခွင်မှာ လုပ်ကိုင်ကြတာမို့ အခုလို ပွဲတော်ကာလဟာ ဆွေမျိုးပေါင်းစုံနဲ့ ပြန်လည်တွေ့ဆုံကြရတဲ့ ကာလလည်း ဖြစ်ပါတယ်။ တာတက်ပွဲကို အကြောင်းပြုပြီး ဒီပွဲတော်ကာလမှာ တောင်ရိုးတိုင်းရင်းသားမောင်မယ်တို့ဟာ လူပျိုအပျိုရှာကြတဲ့ ဓလေ့ရိုးရာလည်း ရှိကြပါတယ်။

### မီးလုံးပွဲ

မီးလုံးပွဲဆိုတာကတော့ မီးရှူးတိုင်တွေ ပြုလုပ်ကြပြီး မီးရှူးအပြိုင်အဆိုင်လွှတ်ကြတဲ့ ဓလေ့ဖြစ်ပါတယ်။ တောင်ကြီးက မီးပုံးပျံပွဲတော်လိုပဲ ဒေသခံတိုင်းရင်းသားတွေဟာ ကိုယ့်ရွာအလိုက် မီးရှူးလွှတ်ကြဖို့ အကြိတ်အနယ် ကြိုးစားကြတဲ့ ပွဲတော်ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အရင်ကာလတွေလောက်တော့ အကျယ်တဝင့်ကျင်းပလေ့ သိပ်မရှိတော့ပေမယ့် ရိုးရာမပျက် မီးလုံးပွဲတွေကတော့ ရှိနေပါသေးတယ်။

မီးလုံးပွဲမှာ မီးရှူးလွှတ်တင်ရတဲ့ ရည်ရွယ်ချက်ကတော့ မိုးလေဝသနဲ့ ရာသီဥတုတွေ ကောင်းမွန်မှန်ကန်ဖို့နဲ့ တောင်ယာတွေမှာ စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် မိုးနတ်သားကို မီးရှူးနဲ့ ပူဇော်တဲ့ ရိုးရာဓလေ့တစ်ခုပါ။ ရိုးရာတာတက်ပွဲ မီးလုံးပွဲတွေကို ရှမ်းပြည်နယ်တစ်ခွင်က မြို့ရွာတွေမှာ ဒီကနေ့အထိ မြင်တွေ့ခွင့်ရနေတဲ့အတွက် ချစ်စဖွယ် ရိုးရာဓလေ့တွေ မပျောက်မပျက် ကျန်ရစ်နေတာမို့ ဝမ်းသာပီတိဖြစ်ရပါတယ်။

*စာမျက်နှာ ၁၇ သို့*

❄ **တာတက်ပွဲဆိုတာ ဓနု၊ တောင်ရိုး၊ ပအိုဝ်းလူမျိုးတွေရဲ့ ရိုးရာပွဲတော်တစ်ခုလို့လည်း ဆိုနိုင်ပါသေးတယ်။ တာတက်ပွဲကို တချို့ဒေသတွေမှာ ပွဲဝင်တယ်လို့လည်း ခေါ်ဝေါ်သုံးစွဲကြပါတယ်။ ပွဲဝင်ခံရတဲ့ရွာကို တခြားရွာမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူကြီး၊ လူငယ်မကျန်လာရောက်ကြပါတယ်။ လာတဲ့အခါ ရွာဘုန်းတော်ကြီးကျောင်းအတွက် လှူဖွယ်ပစ္စည်းတွေအစုံအလင်နဲ့ တပျော်တပါး လာရောက်ကြတာပါ**

✳ **တစ်နှစ်တာကာလပတ်လုံး လယ်ယာလုပ်ငန်းခွင်မှာ လုပ်ကိုင်ကြတာမို့ အခုလို ပွဲတော်ကာလဟာ ဆွေမျိုးပေါင်းစုံနဲ့ ပြန်လည်တွေ့ဆုံကြရတဲ့ ကာလလည်းဖြစ်ပါတယ်**





ပင်းတယမြို့နယ် တည်ပင်ရွာ၌ ဧပြီ ၂၅ ရက်က တောင်ရိုးတိုင်းရင်းသားများ၏ ရိုးရာတာတက်ပွဲ ကျင်းပရာသို့ တောင်ရိုး၊ ဓနု၊ ပအိုဝ်း တိုင်းရင်းသားများလာရောက် ဆင်နွှဲလျက်ရှိသည်ကို မြင်တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

### ချစ်စရာရိုးရာဓလေ့

ဒီရိုးရာဓလေ့လေးကတော့ တောင်ရိုး တိုင်းရင်းသားတွေရဲ့ ချစ်စရာရိုးရာဓလေ့ တစ်ခုပဲ ဖြစ်ပါတယ်။ တောင်ရိုးလူမျိုးတို့ရဲ့ ရှေးရိုးရာဓလေ့တစ်ခုဖြစ်ပြီး ဒီနေ့အထိ လိုက်နာကျင့်သုံးလေ့ ရှိပါသေးတယ်လို့ တောင်ရိုးစာပေနဲ့ ယဉ်ကျေးမှုအသင်းက အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဖိုးအောင်ငဲက စာရေးသူကို ပြောပြပါတယ်။

ရွာတစ်ရွာကို လှူဖွယ်ပစ္စည်း၊ အိုးစည်တို၊ အိုးစည်ရှည်တို့နဲ့ ရွာကိုပွဲဝင် ခဲ့တယ်ဆိုပါက လက်စားချေလို့ခေါ်ဆိုပြီး ပွဲဝင်ခံရတဲ့ရွာကလည်း ထိုရွာကို ပြန်လည်ဝင်ရောက်ခဲ့ရင် လက်စားဆပ်လို့ ခေါ်ဆိုရပါတယ်။

“ကျွန်တော်တို့က တခြားရွာကို အိုးစည်တို အိုးစည်ရှည်တို့နဲ့ ပွဲဝင်တယ်။ လှူဖွယ်ပစ္စည်းတွေနဲ့ ဘုန်းကြီးကျောင်း ကို ကပ်လှူခဲ့တယ်။ ရွာဘုန်းကြီးကျောင်း ကို ဝတ္ထုငွေ ငါးသောင်းပဲ ကပ်လှူခဲ့တယ်။ နောင်တစ်ချိန် ကျွန်တော်တို့က အလှူ ကျင်းပတဲ့အခါ ကျွန်တော်တို့ ကနဦးလုပ်ခဲ့ သလိုမျိုး တခြားရွာကလည်း အဲဒီတိုင်း ပြန်ပြီး ပွဲဝင်ရတယ်။ ဝတ္ထုငွေကိုလည်း ကျွန်တော်တို့ထက် နည်းလို့တော့မရဘူး။ များလို့ရတယ်။ ဒါကို လက်စားဆပ်လို့ခေါ် ပါတယ်” လို့ ဖိုးအောင်ငဲက ရှင်းပြပါတယ်။

### ပဲလှော်ပေါက်ပွဲ

တောင်ရိုး တိုင်းရင်းသားတွေရဲ့ နောက်ထပ်ချစ်စရာဓလေ့ တစ်ခုကတော့ ပဲလှော်ပေါက်ပွဲ ဖြစ်ပါတယ်။ တာတက်ပွဲ ကို အကြောင်းပြုပြီး ပွဲတော်မှာ လူပျို အပျို လှည့်ကြပါတယ်။ တောင်ရိုး အမျိုးသားရဲ့ လွယ်အိတ်ထဲ ပဲလှော်တွေကို ထည့်လွယ်ထားပြီး ကိုယ်ချစ်ခင်တဲ့ မျက်စိကျတဲ့ တောင်ရိုးလုံမပျိုကို ပဲလှော် နဲ့ ပစ်ပေါက်ရတဲ့ ဓလေ့ဖြစ်ပါတယ်။ တောင်ရိုးအမျိုးသားက ပစ်ပေါက်တာကို သဘောကျပါက လုံမငယ်ကလည်း ပြန်ပစ်ပေါက်ရင် အပြန်အလှန် သဘောကျတယ်လို့ မှတ်ယူနိုင်ပါတယ်။

ပွဲတော်ပြီးတဲ့အခါ သဘောကျတဲ့ လုံမငယ်တို့ရွာကို သွားရောက်ပြီး လူပျို အပျိုလှည့်ကြတာပါ။ ဒါတောင် အမျိုးသမီးငယ်က သဘောကျတိုင်း လူပျို လှည့်ခွင့်မရသေးပါဘူး။ ကိုယ်ပိုးပန်းတဲ့ လုံမ ရှိတဲ့ရွာက ကာလသားခေါင်းကို ခွင့်တောင်းပြီး ခွင့်ပြုမှသာ ပိုးပန်းခွင့်ရ တာဖြစ်ပါတယ်။ ဒီဓလေ့ဟာ တာတက်ပွဲ ကို အကြောင်းပြုပြီး လူငယ်တွေအတွက် အဖိုးမဖြတ်နိုင်တဲ့ အပြန်အလှန်လေးစားမှု ရှိတာနဲ့ ချစ်ခင်ရင်းနှီးစေတဲ့ အလေ့အထ ကောင်း တစ်ရပ်လည်းဖြစ်ပါတယ်။ ပဲလှော်ပေါက်ပွဲတွေကို ပင်းတယမြို့နယ် အတွင်းနေထိုင်တဲ့ တောင်ရိုးကျေးရွာတွေ မှာ ဒီနေ့တိုင် မြင်တွေ့ရဆဲလို့သိရပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြ တဲ့ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာ ဓလေ့ ချစ်စရာအပြုအမူလေးတွေကို ထဲထဲဝင်ဝင် လာရောက်လည်ပတ်လေ့လာ နိုင်ဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။ ။



## မောက်မယ်မြို့နယ်မှ နှစ် ၁၅၀ ပြည့်တော့မည့် ရှေးဟောင်းသမိုင်းဝင် မောက်စံဘုန်းတော်ကြီးကျောင်း

**မောက်မယ် ဧပြီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ် မြို့နယ် ဆီဆုံရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် မောက်စံဘုန်း တော်ကြီးကျောင်း နှစ် ၁၅၀ ပြည့် မင်္ဂလာ အခမ်းအနား ကျင်းပခြင်းနှင့် ညောင်ရေသွန်းပွဲကို မေ ၃ ရက် (ကဆုန် လပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော် ကျင်းပရေး ကော်မတီထံမှ သိရသည်။

နှစ် ၁၅၀ ပြည့် အခမ်းအနား ကျင်းပရာ၌ နံနက်ပိုင်းတွင် မြို့နယ် အတွင်းရှိ ဆရာတော် သံဃာတော်များ အား ပင့်ဖိတ်၍ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ မောက်စံဘုန်း တော်ကြီးကျောင်းတွင် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်ပြီး ရပ်ဝေး ရပ်နီးမှ ကြွရောက်လာကြမည့် ဓမ္မ မိတ်ဆွေများအား ညှော့ခံကျွေးမွေးမည်ဖြစ် ကြောင်း၊ မွန်းလွဲပိုင်းတွင် ဘာသာရေး အသင်းအဖွဲ့များ၊ ဓမ္မစကြာဝတ်ရွတ် အသင်းများက ညောင်ရေသွန်းလောင်း မည်ဖြစ်ကြောင်း သိရသည်။

မေ ၁ရက်မှ ၃ ရက်အထိ ညပိုင်းတွင် ပျော်ပွဲရွှင်ပွဲများ အဆိုအကများနှင့် ကပြဖျော်ဖြေမည်ဖြစ်ပြီး မောက်စံ ဘုန်းတော်ကြီးကျောင်း နှစ် ၁၅၀ ပြည့် မင်္ဂလာအခမ်းအနားနှင့်အတူ ဗုဒ္ဓဘာသာ ဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဗုဒ္ဓအခါတော်နေ့ (ကဆုန်လပြည့်နေ့)ကို ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ နှင့်အညီ အောင်မြင်စည်ကားစွာ ကျင်းပ နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ဂေါပကအဖွဲ့များနှင့် ဒေသခံ ပြည်သူများ ပူးပေါင်း၍ ကြိုတင်ပြင်ဆင် လျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်**
**(မောက်မယ်)**

## မြို့ပြနဲ့အလှမ်းဝေးရာ စမတ်ကျွန်းဆီသို့

မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသ ကြီးမှ မြိတ်ကျွန်းစုဟာ လေ့လာလည်ပတ်စရာ များစွာနဲ့ ပြည့်နှက်နေတဲ့ ဒေသတစ်ခုပါ။ မြိတ်မြို့ရဲ့ ထင်ရှားကျော်ကြားတဲ့ လေးကျွန်းဆီမီးသိမ်တော် ကြီး စေတီတော် အပါအဝင် ကျွန်းပေါင်း ၂၀၀ ကျော် စုစည်းထားတဲ့ မြိတ်ကျွန်းစုတွေမှာ ထူးခြားမှုတွေ၊ ဆန်းကြယ်မှုတွေ၊ သဘာဝအလှတရားတွေ အများ ကြီး ပိုင်ဆိုင်ထားပါတယ်။ နိုင်ငံရပ်ခြားက အများစု သော နာမည်ကျော်ကမ်းခြေတွေ၊ ကျွန်းတွေနဲ့ယှဉ် ရင် မနိမ့်တဲ့အပြင် သာလွန်တဲ့အလှအပတွေနဲ့ ပြည့်စုံလွန်းလှပါတယ်။

မြိတ်ကျွန်းစုတွေဆီ အပန်းဖြေ၊ အလည်အပတ်၊ စွန့်စားခရီးထွက်လိုသူတွေ အများဆုံးလာရောက် လည်ပတ်ကြပါတယ်။ အများစုကတော့ ခရီးသွား ဝန်ဆောင်မှုတွေနဲ့ လာရောက်ကြသလို ကိုယ့်အစီအစဉ်နဲ့ကိုယ် လာရောက်ကြသူတွေလည်း ရှိပါတယ်။

မြိတ်ကျွန်းစု ပင်လယ်ပြင်ခရီးစဉ်တွေမှာ ကျွန်းဘုရင်ခေါ် လေးကျွန်း၊ စမတ်ကျွန်း၊ သမီးလှ ကျွန်း၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်း (CBT) ကျေးရွာ၊ တောင်ပံကြီးကျွန်းနဲ့ ဘေလီကျွန်းတွေက လူအသွား အလာအများဆုံးနေရာတွေ ဖြစ်ပါတယ်။ မြိတ်ကျွန်းစုခရီးစဉ်တွေကို အကောင်အထည်ဖော် ခဲ့တာ ဆယ်စုနှစ်တစ်ခုရှိခဲ့ပြီဖြစ်ပြီး ကိုဗစ် ကာလမတိုင်ခင်အချိန်မှာ ခရီးသည်လာရောက်မှု အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ခရီးသွား ရာသီမှာတော့ မြိတ်ကျွန်းစုတွေဆီ လာရောက် လည်ပတ်သူ တစ်စတစ်စနဲ့ ပြန်လည်မြင့်မားလာခဲ့ ပါတယ်။

ကျွန်တော်ကတော့ ကျွန်းတွေထဲမှာမှ သဲဝါရောင်ကမ်းခြေနဲ့ ကျောက်စရစ်ကမ်းခြေ နှစ်မျိုးကို တစ်ကျွန်းတည်းမှာ ခံစားနိုင်မယ့် စမတ် ကျွန်း (ခ) ပါပန့်ကျွန်းအကြောင်းကို ဒီတစ်ပတ်မှာ မျှဝေလိုက်ပါတယ်။

စမတ်ကျွန်းကမ်းခြေ၏ သဘာဝအလှရှုခင်း



### စမတ်ကျွန်း သို့မဟုတ် ပါပန့်ကျွန်း

စမတ်ကျွန်းက ကျောက်စရစ်ကမ်းခြေ တစ်လျှောက်မှာ အရွယ်အစားအစုံ ကျောက်ခဲလေး တွေက သဲပြင်လိုပဲ လှပလွန်းပါတယ်။ လုံးချောနေတဲ့ ကျောက်ခဲလေးတွေက သဲသောင်ပြင်ထက် ပိုပြီး စိတ်လှုပ်ရှားစရာ ကောင်းတယ်။ စမတ်ကျွန်းကို ရောက်ဖို့အတွက် မြိတ်ဆိပ်ကမ်းကနေ စက်လှေနဲ့ တစ်နာရီခွဲကျော်လောက် စီးနင်းသွားရမှာဖြစ်ပြီး ရေမိုင် ၆၉ မိုင် ဝေးပါတယ်။

ရေက ကြည်လင်သန့်ရှင်းနေတဲ့အတွက် သန္တာ ကျောက်တန်းတွေ၊ ရေအောက်က အရောင်အသွေးစုံ တဲ့ ငါးမျိုးစုံကို ကြည့်ရှုနိုင်ဖို့ ရေငုပ်(Snorkeling) လိုသူတွေအတွက်တော့ နေရာကောင်းတစ်ခုဖြစ်မှာ ပါ။ သတိပြုရမှာက ကမ်းစပ်မှာရေကစားတာဖြစ်ဖြစ်၊ ရေငုပ်ရင်ဖြစ်ဖြစ် အသက်ကယ်အင်္ကျီဝတ်ဆင်ဖို့ လိုအပ်သလို ညွှန်လမ်းညွှန်တွေရဲ့ သတိပေးချက်တွေ ကိုလည်း လိုက်နာပါ။

မြိတ်ကျွန်းစုတွေဆီ အလည်ရောက်သွားမယ် ဆိုရင် အသံဝဲဝဲနဲ့ ညွှန်လမ်းညွှန်တွေ၊ Snorkeling ဂိုက်တွေက အတော်လေး စနစ်တကျ ကူညီပေးကြ တဲ့အတွက် ခရီးစဉ်အတော်များများက အောင်မြင် တယ်လို့ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသလို မြိတ်ဒေသခံတွေခေါ်တဲ့ ရေစာ (ပင်လယ်စာ) လတ်လတ်ဆတ်ဆတ်တွေ တဝကြီး စားသောက်နိုင်တာကလည်း အားသာချက်တစ်ခု ဖြစ်ပါတယ်။ မြိတ်မြို့ကို ပြန်ရောက်တဲ့အခါမှာလည်း ထင်ရှားတဲ့နေရာတွေဖြစ်တဲ့ သဘော်ာကျင်း၊ သဘာဝ ဇီဝဗိုးငှက်သိုက်အိမ်၊ ကမ္ဘာလုံးစေတီ၊ တရုတ်ဘုံ ကျောင်း၊ သမိုင်းဝင်သိမ်တော်ကြီးစေတီတွေကို သွားရောက်နိုင်သလို ကျွန်းတွေထဲမှာလည်း အများစုသွားရောက်ကြတဲ့ နေရာတွေဖြစ်တဲ့ ဆလုံ လူမျိုးများရှိတဲ့ မော်ကင်းရွာ၊ သရော်သဟန်ကြီး ကျွန်း၊ သမီးလှကျွန်း၊ လေးကျွန်း၊ ကျွန်းမင်းသား စတဲ့နေရာတွေကိုလည်း သွားနိုင်ပါတယ်။

ပြီးခဲ့တဲ့သင်္ကြန်ကာလမှာ ကျွန်းသင်္ကြန်ကို စည်ကားစွာကျင်းပခဲ့ပြီး အောင်မြင်တဲ့ သင်္ကြန်ပွဲ တစ်ခု ဖြစ်ခဲ့ပါသေးတယ်။ အားနည်းချက်ကတော့ ကျွန်းခရီးစဉ်တွေက ကုန်ကျစရိတ်များပြားသလို မြို့ပြနဲ့အလှမ်းဝေးတဲ့အတွက် ဝန်ဆောင်ခစရိတ် တွေကလည်း မြင့်မားနေတာမို့ ပြည်တွင်းခရီးသွား တွေအတွက် လွယ်လင့်တကူသွားလာဖို့ အလှမ်းဝေး နေသေးတယ်လို့ ထင်မြင်ပါတယ်။

မြိတ်ကျွန်းစု အလည်အပတ်ခရီးစဉ်တွေကို လေ့လာကြည့်တဲ့အခါ လူတစ်ဦးကို ကျပ် ၁၀ သိန်း ကနေ သိန်း ၂၀ ဝန်းကျင် ကုန်ကျနိုင်တဲ့အတွက် နိုင်ငံရပ်ခြားကို အပန်းဖြေထွက်သလောက် ကုန်ကျ တာမြင်ရတယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး တွေအတွက် ခရီးသွားလုပ်ငန်းကတစ်ဆင့် အလုပ် အကိုင်အခွင့်အလမ်းတွေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အကျိုးအမြတ်တွေရနိုင်လို့ ကိုယ့်ပြည်တွင်း က အလှအပတွေကို ကိုယ်တိုင်ခံစားချင်တဲ့သူတွေ အတွက်တော့ နိုင်ငံခြားကို အပန်းဖြေခရီးထွက်မယ့် အစား ပြည်တွင်းမြိတ်ကျွန်းစုတွေဆီ သွားရောက် အပန်းဖြေကြပါလို့ တိုက်တွန်းပါရစေ။

သတိပြုရမယ့်အရာက ပင်လယ်ကမ်းခြေတွေ ဖြစ်ဖြစ်၊ ကျွန်းတွေဆီဖြစ်ဖြစ် အလည်အပတ်သွားတဲ့ အခါ အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ဖို့၊ ကာဗွန်ဒိုင် အောက်ဆိုက်ထုတ်လွှတ်မှုကို အတတ်နိုင်ဆုံး လျှော့ချဖို့၊ ပလတ်စတစ်အသုံးပြုမှုတွေကို လျှော့ချ ဖို့၊ ပင်လယ်ကမ်းခြေသန့်ရှင်းရေးကို တတ်အား သလောက် အားဖြည့်ဖို့၊ ပြန်သုံးလို့ရတာတွေကို ပြန်သုံးဖို့၊ စနစ်တကျနဲ့ စည်းကမ်းရှိရှိ သွားလာဖို့နဲ့ ပင်လယ်စာတွေကို အလွန်အကျွံစားရင်း သဘာဝ ပတ်ဝန်းကျင်ကို မဖျက်ဆီးဖို့၊ ပင်လယ်ကြီးကို ကူညီ နိုင်မယ့် သတင်းစကားတွေကို ဖြန့်ဝေဖို့တွေကို တော့ မမေ့မလျော့ လိုက်နာကြစေလိုပါတယ်။ အားလုံးကျန်းကျန်းမာမာနဲ့ ခရီးသွားနိုင်ကြပါစေ။

**အဲလက်စ်၊ ဓာတ်ပုံ- I Travello Travel & Tour**

# ပြလို့ ရေနံအစမ်းတွင်းကို ၇၅ ရက်အတွင်း ခန့်မှန်းအနက် ပေ ၆၈၅၀ ရောက်အောင် တူးဖော်မည်

**အောင်လံ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စကားတောင်ကိုးကွေ့အနီး ဧရာဝတီမြစ်ရေ တိုက်စားမှုကာကွယ်ရေးလုပ်ငန်းနှင့် ပြလို့ရေနံအစမ်းတွင်း တူးဖော်သည့်နေရာများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ဧပြီ ၂၇ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

စကားတောင်ကိုးကွေ့အနီး ဧရာဝတီမြစ်ရေ တိုက်စားမှု ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူးဦးဌေးအောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြား၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြလို့ရေနံအစမ်းတွင်းဒေသ တူးဖော်သည့်နေရာသို့ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးက တွင်းတူးဖော်ရသည့် အကြောင်းအရင်းများ၊ ပြလို့အစမ်းတွင်းအမှတ် NW 3-1 ကို ZJ 50D Sr-2 တွင်းတူးစက်ဖြင့် တူးဖော်နေမှု၊ တွင်းတူးဖော်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းသဘာဝအရဖြစ်နိုင်သည့် အန္တရာယ်အခက်အခဲများ ကင်းရှင်းရေးအတွက် ကြိုတင်စီမံချက်များ ရေးဆွဲထားကြောင်း၊ နည်းပညာဆွေးနွေးခြင်းနှင့် နည်းပညာမျှဝေခြင်းတို့ကို ရုံးချုပ်ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကာ တူးဖော်ရာတွင် တရုတ်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယခုတွင်း၏ ထူးခြားချက်မှာအနက်ပေ ၂၇၅၀ မှစ၍ ၆၈၅၀ ပေသို့ စောင်းထောင့် ၄၆ ဒီဂရီ၊ Directional ၅၈ ဒီဂရီဖြင့် တူးဖော်သွားမည်ဖြစ်ကြောင်း၊ ပြလို့အစမ်းတွင်းအမှတ် NW 3-1 ကို တွင်းတူးရက်ပေါင်း ၇၅ ရက်အတွင်း ခန့်မှန်းအနက် ပေ ၆၈၅၀ ရောက်အောင် တူးဖော်မည်ဖြစ်ပြီး တစ်နေ့ချင်း တူးဖော်ရာတွင် အနည်းဆုံးပေ ၁၀၀ နှင့်အထက်တူးဖော်နိုင်ကြောင်း စသည်တို့ကိုလည်း ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေနံအစမ်းတွင်းတူးဖော်မှု လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရေနံတွင်းတူးဖော်မှုလုပ်ငန်း အောင်မြင်ပါစေကြောင်းပြောကြား၍ ဝန်ထမ်းများအား သစ်သီးခြင်းနှင့် ဆန်၊ ဆီများပေးခဲ့ပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။ **(အပေါ်ပုံ)** **မျိုးသိန်း(ပြန်/ဆက်)**



## ပဲခူးမြို့နယ်အတွင်းရှိ ဈေးများ၌ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး လိုက်လံထိုးနှံပေး

**ပဲခူး ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပဲခူးမြို့နယ်အတွင်းရှိ ဈေးများ၌ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး (Booster Dose) ကို လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဈေးများ၌ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဧပြီ ၂၄ ရက်မှ စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံပေးသည့်ဈေးနှင့် နီးစပ်သည့်ရပ်ကွက်များမှ ပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ထိုးနှံနိုင်ကြောင်း သိရသည်။

ပဲခူးမြို့အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို မူလသတ်မှတ်ထားသည့် ဆေးထိုးစုရပ်နေရာများတွင်လည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ဈေးရောင်းချသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အဆင်ပြေလွယ်ကူစွာ ထိုးနှံနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်အတွင်းရှိ ဈေး ၁၁ ဈေး၌ သတ်မှတ်ရက်များအတွင်း ယခုကဲ့သို့ အပိုဆောင်းကာကွယ်ဆေးလိုက်လံထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။



"ကျွန်မက ဖက်တန်းဈေးမှာ ဈေးရောင်းပါတယ်။ ကာကွယ်ဆေးလည်း ထိုးထားတာ အကြိမ်ပြည့်ပါပြီ၊ ထပ်ထိုးလို့ရတယ်ဆိုတာလည်း မသိဘူး၊ ဆေးထိုးတဲ့နေရာသွားထိုးဖို့က နည်းနည်းလှမ်းတာလည်း ပါတယ်၊ ဈေးသည်ဆိုတော့ မေ့နေတာ မအားတာလည်း ပါတာပေါ့၊ အခု ကိုယ့်ဈေးမှာလာထိုးပေးတော့ အဆင်ပြေတယ်၊ ကာကွယ်ဆေးထိုးထားတာက ခြောက်လပြည့်ရင်/ ခြောက်လကျော်ရင် ထပ်ထိုးလို့ရတယ်ပြောတယ်" ဟု ဖက်တန်းဈေးမှ ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ဈေးသည်တစ်ဦးက ပြောသည်။

ဈေးများတွင် ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံရာသို့ လာရောက်ဆေးထိုးသူများသည် မိမိတို့ဆေးထိုးနှံပြီးသည့် ကာကွယ်ဆေးထိုးကတ်ပြားများ ယူဆောင်လာရန်လိုကြောင်း၊ တစ်ကြိမ်တစ်ခါမှ ဆေးမထိုးရသေးသူများလည်း လာရောက်ဆေးထိုးနိုင်ကြောင်းနှင့် ဆေးထိုးရာတွင် ငွေကြေးတစ်စုံတစ်ရာမှ ပေးရန်မလိုကြောင်း ကာကွယ်ဆေးထိုးပေးနေသည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ပဲခူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွန်ပျူတာဖြင့် စာရင်းသွင်းမှတ်တမ်းတင်ခြင်း၊ သက်ဆိုင်ရာဈေးများမှ စည်ပင်သာယာရေး ဝန်ထမ်းများက ဈေးသူဈေးသားများအား လိုက်လံအသိပေးခေါ်ယူခြင်း စသဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မျိုးဆက်သစ်ထူးချွန် လူငယ်ကစားသမားများ ရှာဖွေရွေးချယ်မည်

**မန္တလေး ဧပြီ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ FIFA-MFF TDS Scouting Tour 2023 အစီအစဉ်ဖြင့် မျိုးဆက်သစ်ထူးချွန်လူငယ်ကစားသမားများအား နိုင်ငံတစ်ဝန်း ရှာဖွေရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဆိုပါ အစီအစဉ်ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အသက် ၁၁ နှစ်မှ ၁၅ နှစ်အကြား ထူးချွန်မျိုးဆက်သစ်ကစားသမားများအား ဘောလုံးနည်းစနစ် ကျွမ်းကျင်မှုအလိုက် စနစ်တကျရွေးချယ်သွားမည်ဖြစ်သည်။

FIFA-MFF TDS Scouting Tour 2023 အစီအစဉ်ဖြင့် ပထမဆုံးလူရွေးချယ်ခြင်းကို မန္တလေးမြို့တွင် ဧပြီ ၂၀ ရက်မှ ၂၈ ရက်အထိ ဘောလုံးအကယ်ဒမီ လေ့ကျင့်ရေးကွင်း၌ ပြုလုပ်လျက်ရှိသည်။ အပြီးသတ်ရွေးချယ်ခြင်းကို မေ ၉ ရက်နှင့် ၁၀ ရက်တွင် မန္တလေး မြန်မာဘောလုံးအကယ်ဒမီ၌ ပြုလုပ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် ကစားသမားစာရင်းကို မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ် အားကစားသမားများရွေးချယ်ခြင်းကို ဝါရင့်မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သော ဦးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးခင်မောင်လေး၊ ဦးငွေထွန်းတို့က အဖွဲ့ခေါင်းဆောင်များအဖြစ် ဦးဆောင်၍ ရွေးချယ်မည်ဖြစ်သည်။ **သွင်ထူးဉာဏ်ဇော် (မန္တလေး)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးဖတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၃)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

◆ *ကျောဖုံးမှ*

ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ဦးဆောင်ဂိုးကို ဝက်စ်ဟမ်းအသင်းက စတင်ရရှိခဲ့သော်လည်း ပွဲကစားချိန်ကြာလာသည်နှင့်အမျှ ပဲလေ့စ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့ပြီး သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရသည်။ ပဲလေ့စ်နည်းပြ ရှိုင်းဟော့ဆန်သည် ပြီးခဲ့သည့်လတွင် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာပြီးနောက် ကိုင်တွယ်ခဲ့သည့် ခြောက်ပွဲတွင် လေးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

ယခုပွဲစဉ်တွင် အမှတ်ပေးဇယားရပ်တည်မှုအရ ပဲလေ့စ်အသင်းထက် ဝက်စ်ဟမ်းအသင်း မဖြစ်မနေ နိုင်ပွဲရရှိရန် လိုအပ်သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိပြီး အဆုံးသတ်အားနည်းမှုကြောင့် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် ယခုရှုံးပွဲကြောင့် ၃၃ ပွဲကစားပြီး ရမှတ် ၃၄ မှတ်ဖြင့် တန်းဆင်းဇုန်အသင်းနှင့် ငါးမှတ်အကွာတွင် ရပ်တည်နေသည့်အတွက် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် လက်ကျန်ပွဲစဉ်များကို မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းရတော့မည်ဖြစ်သည်။

ပြိုင်ဘက်ပဲလေ့စ်အသင်းက ယခုနိုင်ပွဲကြောင့် ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းထားနိုင်သည့်အတွက် တန်းဆင်းဇုန်ဖိအား လျှော့ချနိုင်ခဲ့ပြီ ဖြစ်သည်။ ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို အယူး၊ ဇာဟာ၊ ချလုပ်နှင့် အီဇီတို့က သွင်းယူပေးနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးများကို ဆော့ဆက်၊ အန်တိုနီယိုနှင့် အေဂတ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် ဘရန့်ဖို့ဒ်က နော်တင်ဟမ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘရိုက်တန်က ဝုလ်ဖ်ကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာနေ အောင်သူထွန်းနှင့် ကုံးကျေးရွာနေ ကျော်ဘုန်းစံ(ခ)သားသား တို့သည် ၎င်းတို့ အသုံးပြုသည့် “Aung Thu Htun” Facebook အကောင့်၊ “Thar Thar” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ရဲရင့်မင်းသွင်(ခ)ရဲရင့်သည် ၎င်းအသုံးပြုသည့် “Ye Yint Min Twin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ အေးမြလင်းသည် ၎င်းအသုံးပြုသည့် “Aye Mya Linn” Facebook အကောင့်နှင့် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ ရန်နောင်ဟိန်း(ခ)ယုန်လေးသည် ၎င်းအသုံးပြုသည့် “Yan Naung Hein” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၄ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၆၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၃၀၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၇၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၁ . ၅၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၄၃ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၆၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| MTSH | ၂၉၀၀ | ၃၀၀၀ | ၇၂၆ | ၂၁၀၈၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၆၈ | ၁၁၇၆၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၁၀၃၂ | ၁၄၉၆၄၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၀ | ၇၅၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၅၄ | ၁၄၀၄၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

*(၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး*

# ကိုသာဇံရဲ့ ၇၇ နှစ်တာ မှတ်စုတို

*မြင့်သူ*

**"မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင် သူရဲကောင်းများပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင် သူရဲကောင်းများပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးတိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများဖြစ်သဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများဖြစ်ကြောင်း၊ မီးသတ်အဖွဲ့တွင် ယဉ်ကျေးမှုနှင့် စွန့်စားမှုအရေးကြီး၍ အရပ်ရပ်တိုင်းတွင် ဖွဲ့စည်းအပ်ကြောင်း"**

**(ဗိုလ်ချုပ်အောင်ဆန်း)**



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ နိုင်ငံတော်အလံအား ချီတက်အလေးပြုစဉ်။

**✻ အကွဲကွဲအပြားပြားဖြစ်နေသော စေတနာ့ဝန်ထမ်း အပျော်တမ်း မီးသတ်တပ်ဖွဲ့များကိုစုစည်း၍ တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်နိုင်လိုက်ခြင်းသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သမိုင်းတွင် မော်ကွန်းထိုးထိုက်သော နေ့ကြီးတစ်နေ့အဖြစ် ပေါ်ထွက်လာ**

လွန်ခဲ့သော ၇၇ နှစ်။ အတိအကျဆိုရလျှင် ၁၉၄၆ ခုနှစ် မေ ၅ ရက်နေ့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ပြောကြားခဲ့သော အမှာစကားဖြစ်သည်။ နေရာကား ရန်ကုန်မြို့ ကန်တော်ကလေး၊ ဇိနတ် (ဇိနတ္တာ) အစ္စလာမ် မိန်းကလေးကျောင်းခန်းမ၌ ဖြစ်သည်။ ၁၉၄၆ ခုနှစ် မေ ၆ ရက်နေ့ထုတ် သူရိယသတင်းစာမျက်နှာဖုံးမှာ တခမ်းတနားဖော်ပြခြင်းခံရသော ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးကြီးညီလာခံတွင် ပြောကြားခဲ့သော မိန့်ခွန်းလည်းဖြစ်သည်။

ထိုအချိန်က သူတစ်ပါးကျွန်ဘဝဖြင့်နေရသော အချိန်ဖြစ်ပြီး နယ်ချဲ့အစိုးရက အစိုးရအဆောက်အအုံများနှင့် နိုင်ငံခြားသားပိုင် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ အဆောက်အအုံများကို မီးမလောင်စေရန် ကာကွယ်ပေးသော်လည်း အရပ်ဘက်၊ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်အတွက် ထည့်မစဉ်းစားသော ကာလဖြစ်သည်။

**စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များ**

မြန်မာနိုင်ငံသားများသည် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မိမိတို့ရပ်ရွာကို မိမိတို့အစီအစဉ်ဖြင့် ကာကွယ်စောင့်ရှောက်နေကြရသည့် ကာလလည်းဖြစ်သည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင် စေတနာ့ဝန်ထမ်း အပျော်တမ်း မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းပြီး မိမိတို့ရပ်ရွာကို မိမိတို့ဘာသာ ကာကွယ်နေကြရသည်။ ခေတ်အလျောက်ရှိသော မီးသတ်ကိရိယာများ၊ မီးသတ်ကားများကို ရပ်ရွာအလှူရှင်များ၏ ထောက်ပံ့ငွေဖြင့် ဝယ်ယူကြရသည်။ မိမိတို့အစီအစဉ်ဖြင့် နီးစပ်ရာ အချင်းချင်း နည်းပညာ အကူအညီပေးကြသည်။ မြို့ရွာများ လူနေများလာပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထိုကဲ့သို့သော စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များသည် တစ်နိုင်ငံလုံးတွင် အများအပြား ပေါ်ပေါက်လာကြသည်။

စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့များနည်းတူပင် သက်ဆိုင်ရာ မြို့တစ်မြို့ချင်းစီ၏ မြူနီစီပယ်ကော်မတီများကလည်း မီးသတ်တပ်ဖွဲ့များဖွဲ့စည်းလျက် မီးဘေးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်။ မြို့ရွာမီးဘေးကာကွယ်ရေးအတွက် လုပ်ဆောင်ကြသော်လည်း မြူနီစီပယ်မီးသတ်များနှင့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များသည် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို မိမိတို့အစီအစဉ်ဖြင့်သာ အဆင်ပြေသလို စခန်းသွားနေကြသည်။ တစ်ခါတစ်ရံ မြူနီစီပယ်မီးသတ်နှင့် စေတနာ့ဝန်ထမ်း မီးသတ် ပူးပေါင်းဆောင်ရွက်မှုရှိသော်လည်း ဒုတိယကမ္ဘာစစ်အတွင်းကလွဲ၍ ကျန်သည့်အချိန်များတွင် အတော်ကလေး ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့သည်။ ထို့ကြောင့် မီးဘေးကာကွယ်ရေးအတွက်လည်းကောင်း၊ မီးငြိမ်းသတ်ရေးတွင်လည်းကောင်း ထိရောက်သော ဆောင်ရွက်မှုများလုပ်နိုင်ခြင်း မရှိခဲ့ပေ။

၁၉၄၆ ခုနှစ်သည် မြန်မာနိုင်ငံအတွက် အရေးပါသော နှစ်တစ်နှစ်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဘုရင်ခံကောင်စီအစိုးရအဖွဲ့သည် နိုင်ငံ၏ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအပိုင်းတို့တွင် ဦးဆောင်နေကြပြီး မြန်မာ့လွတ်လပ်ရေးအတွက် မျှော်လင့်ချက်ရောင်ခြည်များ သန်းလာနေသောအချိန်လည်း ဖြစ်သည်။ မကြာသောကာလတွင် မြန်မာတို့ ကိုယ်တိုင်ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော ခေတ်သစ်သို့ ရောက်ရန် သေချာနေသော ကာလဟုလည်း ဆိုနိုင်သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ဦးဆောင်သော နိုင်ငံရေးခေါင်းဆောင်များသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အခါ အစိုးရအဖွဲ့အစည်းအသီးသီးရှိ လက်ရှိအုပ်ချုပ်နေသော မျက်နှာဖြူနိုင်ငံခြားသားများနေရာတွင် မိမိတို့လူမျိုးများ ပြောင်းလဲနေရာယူ အုပ်ချုပ်စီမံခန့်ခွဲနိုင်ရေးအတွက် ကြိုတင်လေ့ကျင့်မွေးမြူရန် ဖြစ်လာသည်။

**အရေးကြီးသော လုပ်ငန်းစဉ်**

ထိုကဲ့သို့သော အခြေအနေမျိုးတွင် အကွဲကွဲအပြားပြားဖြစ်နေသော မီးသတ်အဖွဲ့အစည်းအသီးသီးကို တစ်စုတစ်စည်းတည်းသော မီးသတ်အဖွဲ့အစည်းကြီးဖြစ်ရန် အစီအစဉ်သည်လည်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာသည်။ ၁၉၄၆ ခုနှစ်တွင် ခရိုင် ၁၉ ခရိုင်၊ မြို့ပေါင်း ၅၅ မြို့တွင် ရှိနေသော အချင်းချင်း ဆက်စပ်သည်လည်းရှိ၊ မဆက်စပ်ဘဲ သီးခြားစီရပ်တည်နေကြသည်လည်းရှိသည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များကို တစ်စုတစ်စည်းတည်း ဖြစ်မြောက်ရန် ကြိုးစားခဲ့ကြသည်။ ထိုသို့ဖြင့် ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးကြီး ညီလာခံ ကျင်းပနိုင်ခဲ့သည်။

ထိုညီလာခံကို တစ်ပြည်လုံးရှိ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ထိုခေတ်က အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဒီးဒုတ်ဦးဘချို၊ သခင်မြနှင့် ဦးဘဆွေတို့ တက်ရောက်ခဲ့ကြသည်။ ညီလာခံတွင် မီးသတ်တပ်ဖွဲ့နှင့်ပတ်သက်၍ နိုင်ငံတကာတွင် ဖြစ်တည်နေသော အခြေအနေများကို ရှင်းပြလျက် အပူပိုင်းဇုန်အတွင်း တည်ရှိသော နိုင်ငံတော်တည်ဆောက်ရေးတွင် ကြီးမားသော အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မီးဘေးအန္တရာယ်မှ ကာကွယ်ရန် မီးသတ်တပ်ဖွဲ့ဆိုင်ရာ မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရေး ဆွေးနွေးခဲ့ကြပြီး ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မိန့်ခွန်းကောက်နုတ်ချက်ကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြင့် မီးသတ်တပ်ဖွဲ့ဝင်များကို အားတက်စေခဲ့သည်။ ညီလာခံမှချမှတ်ခဲ့သော မီးသတ်လုပ်ငန်းများသည် လူငယ်လူရွယ်များကို ပရဟိတလုပ်ငန်းဖြစ်ကြောင်း ရှေ့ဆောင်လမ်းပြဖြစ်စေခဲ့သည်။ ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက အတွေ့အကြုံများ၊ အဆိုများ တင်ပြဆွေးနွေးခဲ့ကြသည်ကို မေ ၆ ရက်နေ့ထုတ် သူရိယသတင်းစာတွင် အကျယ်တဝင့်ဖော်ပြခဲ့သည်။

ညီလာခံကို နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ပြီး အစည်းအရုံးစတင်တည်ထောင်သည့်နေ့ကို **"မီးသတ်နေ့ (Burma Fire Services Day–B. F. S)"** ဟု သတ်မှတ်ခဲ့သည်။ ထို့ပြင် မီးသတ်အစည်းအရုံးကြီး ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးအနေဖြင့် အဖွဲ့အစည်း၏ ရည်ရွယ်ချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့သည့်အပြင် (က) စည်းကမ်းသေဝပ်ခြင်း၊ (ခ) ရဲရင့်ခြင်း၊ (ဂ) သနားကရုဏာရှိခြင်း၊ (ဃ) ယဉ်ကျေးသိမ်မွေ့ခြင်း၊ (င) လျင်မြန်ဖျတ်လတ်ခြင်း၊ (စ) စိတ်ထားတည်ကြည်ခြင်း၊ (ဆ) ဝတ္တရားကျေပွန်ခြင်း၊ (ဇ) သစ္စာရှိခြင်း၊ (ဈ) ညီညွတ်ခြင်း၊ (ည) ကျန်းမာခြင်း အစရှိသည့် မီးသတ်အင်္ဂါအား ၁၀ ပါးကိုလည်း မီးသတ်အစည်းအရုံးဝင်များ လိုက်နာကျင့်သုံးရန် ချမှတ်ပေးခဲ့သည်။

**အားလုံး တစ်ပြေးညီ**

ထိုကဲ့သို့ အကွဲကွဲအပြားပြား ဖြစ်နေသော စေတနာ့ဝန်ထမ်း အပျော်တမ်း မီးသတ်တပ်ဖွဲ့များကိုစုစည်း၍ တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်နိုင်လိုက်ခြင်းသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သမိုင်းတွင် မော်ကွန်းထိုးထိုက်သော နေ့ကြီးတစ်နေ့အဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည်။ အပျော်တမ်း မီးသတ်တပ်ဖွဲ့များနှင့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များအနေဖြင့် သူ့နယ်ကိုယ့်နယ်၊ သူ့ဝါဒကိုယ့်ဝါဒဖြင့် စီမံဆောင်ရွက်နေရာမှ အားလုံး တစ်ပြေးညီ တစ်မိုးအောက်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်လာနိုင်ကြသည်။ တစ်ချိန်က ဝါသနာပါရာအလုပ်တစ်ခုအဖြစ် အပျော်တမ်း မီးသတ်တပ်ဖွဲ့ကို ဝင်ရောက်လုပ်ကိုင်ခဲ့ကြသော်လည်း ထိုသို့ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မည်သည်က မည်သို့ဂုဏ်ယူရမည်ဆိုသည့်အချက်ကို မသိခဲ့ကြချေ။ ညီလာခံပထမနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းပါအချက်အလက်များသည် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်လုပ်ငန်းသည် မွန်မြတ်သော ပရဟိတလုပ်ငန်းဖြစ်ကြောင်း ဂုဏ်ယူတတ်စေခဲ့သည်။

**နှစ်စဉ်ကျင်းပ**

မီးသတ်အစည်းအရုံး ညီလာခံကို နှစ်စဉ်ကျင်းပရန် ပထမအကြိမ်ညီလာခံ၏ ဆုံးဖြတ်ချက်အရ ၁၉၄၇ ခုနှစ်တွင် ဒုတိယအကြိမ်မြောက်ညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည်။ ထိုနှစ်တွင်ပင် လွတ်လပ်ရေးရပြီးကာလ ပထမဆုံးနှစ်ဖြစ်သော ၁၉၄၈ ခုနှစ်တွင် တတိယအကြိမ် မီးသတ်အစည်းအရုံးများ ညီလာခံကို အဖြစ်သဘောသာ ကျင်းပနိုင်ခဲ့ပြီး စတုတ္ထအကြိမ်မြောက် ညီလာခံသဘင်ကြီးကို ၁၉၄၉ ခုနှစ် ဇွန်လအတွင်း ကျင်းပရန်ဖြစ်သော်လည်း တိုင်းပြည်အခြေအနေအရ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရပြီး ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်နေ့ရောက်မှသာ ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့သည်။ ညီလာခံကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။ ပထမပိုင်းမှာ မီးသတ်စွမ်းရည်ပြပွဲဖြစ်ပြီး ဆူးလေဘုရားလမ်းရှိ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး တည်ရှိရာ ဗဟိုမီးသတ်ရှေ့၌ ပြုလုပ်ခဲ့သည်။ မီးသတ်အစည်းအရုံး နှစ်ပတ်လည်ညီလာခံကိုမူ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပခဲ့သည်။ ပထမပိုင်း မီးသတ်စွမ်းရည်ပြပွဲကို နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

အဆိုပါ မီးသတ်အခမ်းအနားနှင့် ပတ်သက်၍ သတင်းစာများက **"နိုင်ငံတော်သမ္မတကြီးသည် နံနက် ၈ နာရီတိတိအချိန်တွင် ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်းဆုံတွင် ခမ်းနားစွာ ဆောက်လုပ်ထားသော မီးသတ်မုခ်တံခါးကြီးသို့ ကိုယ်ရံတော်ဗိုလ်မှူးများ ခြံရံလျက်ရောက်ရှိပါသည်။ ထိုအခါ မီးသတ်ဘင်ခရာတီးဝိုင်းမှ သာယာငြိမ့်ညောင်းစွာ တီးမှုတ်လျက် သမ္မတကြီးမော်တော်ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း မီးသတ်အစည်းအရုံးကြီး ကိုယ်စား ဌာနချုပ် အလုပ်အမှုဆောင်လူကြီး ဦးကံကြီး (ဟသ်ာတ) က နိုင်ငံတော်သမ္မတကြီးအား ပန်းစည်းဆက်သပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတကြီးသည် ကိုယ်ရံတော်ဗိုလ်မှူးများ မီးသတ်ရှေ့ဆောင်လမ်းပြ**

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၀ မှ*

ဗိုလ်မှူးကလေးများနှင့် မီးသတ်အစည်းအရုံးကြီး အမှုဆောင်လူကြီးများ ခြံရံကာ အလေးပြုခံယူမည့် ဆူးလေဘုရားလမ်းမကြီးရှိ စင်မြင့်ပေါ်သို့ ကြွရောက်လာပါသည်။ နိုင်ငံတော်သမ္မတကြီး စင်မြင့်ပေါ်သို့ ရောက်လျှင်ရောက်ချင်း သမ္မတအလံကို လူထုက ပြည်သူ့သူနာပြုဘင်ခရာအဖွဲ့၊ မော်လမြိုင်ကျွန်း မီးသတ်တပ်ဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် သုံးဆယ်မီးသတ်တပ်ဖွဲ့၊ ဘင်ခရာအဖွဲ့တို့က နိုင်ငံတော်သီချင်းကို တီးမှုတ်လျက် မီးသတ်အဖွဲ့များ၊ ဧည့်သည်တော်များနှင့် လူထုပရိသတ်ပါ နိုင်ငံတော် သမ္မတကြီးအား အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတကြီးသည်ကိုယ်ရံတော် ဗိုလ်မှူးများ ခြံရံလျက် ရန်ကုန်ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့များနှင့် မီးသတ်စက်များကို လိုက်လံစစ်ဆေးပါသည်။ ထိုကဲ့သို့ နိုင်ငံတော်သမ္မတကြီး စစ်ဆေးပြီးဆုံးသောအခါ ဗမာတစ်ပြည်လုံး အမြို့မြို့မှ တက်ရောက်လာကြသော မီးသတ်အဖွဲ့များသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ချီတက်လျက် နိုင်ငံတော်သမ္မတကြီးအား အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတကြီးသည် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး ဌာနချုပ် အလုပ်အမှုဆောင်လူကြီးများအား နှုတ်ဆက်ပြီးလျှင် မီးသတ်စွမ်းရည်ပြပွဲကို စိတ်ထက်သန်စွာဖြင့် ရှုစားတော်မူပါကြောင်း" ဖော်ပြခဲ့ပြီး စတုတ္ထအကြိမ်မြောက်ညီလာခံကြီးကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့သည်။

ပဉ္စမအကြိမ်ညီလာခံ၏ ဒုတိယပိုင်း အစီအစဉ် ညီလာခံဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ သဝဏ်လွှာကို ဦးသန့်က ဖတ်ကြားကာ ပြန်ကြားရေးဝန်ကြီး ဦးထွန်းဖေက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါ ညီလာခံမှ ဆုံးဖြတ်ချက်များတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံ မီးသတ်သဘင်ကြီးသို့ ကိုယ်စားလှယ်စေလွှတ်ရေး၊ မီးသတ်နည်းနာ နိဿရည်းများရရှိရေးအတွက် ကမ္ဘာ့အရပ်ရပ်သို့ ပညာတော်သင် လှည့်လည်ဆည်းပူးရေးတို့ကို ချမှတ်ပေးနိုင်ခဲ့သည်။ ထိုနှစ်တွင် နိုင်ငံတော်အစိုးရ မီးသတ်ဌာနတစ်ခုအဖြစ် နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့သည်။



(၇၆) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား၌ ခေတ်မီမီးငြိမ်းသတ် ကိရိယာများဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသစဉ်။

ဗမာတစ်နိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ပဉ္စမအကြိမ်ညီလာခံကြီးကို ၁၉၅၁ ခုနှစ် ဇူလိုင် ၈ ရက်နေ့တွင် ရန်ကုန်မြို့ အမှတ်(၄၂၀) ကုန်သည်လမ်းရှိ နိုင်ငံတော်အစိုးရ မီးသတ်ဌာနသင်တန်းကျောင်းခန်းမကြီး၌ ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက သြဝါဒစကားပြောကြားခဲ့သည်။ ညီလာခံသဘင်သို့ အစိုးရဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ၁၉၅၃ ခုနှစ်မှ ၁၉၅၆ ခုနှစ် ကာလများအတွင်း မီးသတ်ညီလာခံဆဋ္ဌမအကြိမ်၊ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ်များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ညီလာခံများသို့ နိုင်ငံတော်သမ္မတဦးဘဦး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ဒုတိယဝန်ကြီးချုပ် သခင်တင်တို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် မေ ၁၄ ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး၏ နဝမအကြိမ်မြောက် ညီလာခံကို ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၂၇၅ (ဘီ) တွင် ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါညီလာခံသည် နောင်တွင် နောက်ဆုံးအကြိမ်ကျင်းပခဲ့သော ညီလာခံတစ်ခု ဖြစ်ခဲ့သည်။ နှစ်စဉ်ပြုလုပ်သော ညီလာခံများကိုနိုင်ငံတော်အကြီးအကဲများတက်ရောက်ခဲ့သည့် အစဉ်အလာအတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက သြဝါဒအမှာစကားပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက မီးသတ်လုပ်ငန်းနှင့်ပတ်သက်၍ သြဝါဒအမှာစကားပြောကြားခဲ့ရာတွင် **"မီးသတ်ဖို့ဆိုတဲ့ကိစ္စဟာ တစ်ယောက်တည်းနဲ့ လုပ်လို့ရတဲ့ကိစ္စမဟုတ်ဘူး၊ အစိုးရက ချည်းပဲ လုပ်လို့မရဘူး၊ မီးသတ်အဖွဲ့ကချည်းပဲ လုပ်လို့မရဘူး၊ အစိုးရ၊ မြူနီစီပယ်အဖွဲ့၊ ပြည်သူလူထု၊ မီးသတ်သမား စတဲ့ ပုဂ္ဂိုလ်လေးမျိုးက လေးဖက်လေးတန်ဝိုင်းပြီး လုပ်မှဖြစ်တဲ့ကိစ္စဖြစ်တယ်။ အစိုးရကလည်း တတ်နိုင်သလောက်ကြိုးစားပြီး အကူအညီပေးမယ်။ တစ်နိုင်ငံလုံးမှာ ရှိကြတဲ့ သက်ဆိုင်ရာအဖွဲ့တွေကို ကျွန်တော်မေတ္တာရပ်ခံချင်တာကတော့ ခင်ဗျားတို့ တတ်နိုင်တဲ့နည်းနဲ့ မီးသတ်အဖွဲ့ကို အစွမ်းကုန်ကူညီပါ။ မီးသတ်အဖွဲ့ကို ကူညီတာဟာ အင်မတန်ကြီးကျယ်တဲ့ ကုသိုလ်ကြီးတစ်ခု ဖြစ်ပါတယ်"** ထိုညီလာခံသို့ ခရိုင် ၃၂ ခရိုင်၊ မြို့နယ်ပေါင်း ၃၀၀ တို့မှ မီးသတ်အစည်းအရုံးခွဲပေါင်း ၅၆၀ မှ ဦးစီးကိုယ်စားလှယ် ၅၆၀ အပါအဝင် ညီလာခံကိုယ်စားလှယ်ပေါင်း ၁၆၈၀ တက်ရောက်ခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ တရားရေးဌာနဝန်ကြီး ဒေါက်တာဦးအေးမောင်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး မန်းဘဆိုင်၊ ပြည်သူ့အိုးအိမ်ဝန်ကြီးဌာနအတွင်းဝန် ဝဏ္ဏကျော်ထင် ဦးခင်မောင်လွင် စသည့် အရာရှိအရာခံများ၊ ဧည့်သည်တော် မြို့မိမြို့ဖများနှင့် လေ့လာသူ ၂၀၀ ကျော်တို့လည်း တက်ရောက်ခဲ့ကြသည်။

**မျက်ခြည်မပြတ် လေ့လာ**

မီးသတ်လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်လာရန်လိုပြီး ပြောင်းလဲလာသော အခြေအနေများနှင့် နည်းပညာများအပေါ် မျက်ခြည်မပြတ် လေ့လာပြီး ခေတ်မီမီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာများနှင့် အကျွမ်းတဝင်ရှိရန် လိုအပ်သည်။ ကမ္ဘာ့မီးသတ်တပ်ဖွဲ့ဝင်များအားလုံး၏ မီးသတ်လုပ်ငန်းများဖြစ်သည့် မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမှာ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ခု ကျရောက်လာပါက နယ်စည်းမခြား နိုင်ငံတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံ အပြန်အလှန်ကူညီကယ်ဆယ်မှုများရှိလာသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် နည်းပညာစွမ်းရည်ပြည့်ဝမှုနှင့် မီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာစွမ်းအားများ ပြည့်စုံကောင်းမွန်မှုရှိရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။

**"ယခုခေတ်မှာ လောင်စာဖြစ်တဲ့ ဓာတ်ဆီ၊ ရေနံတွေပေါတယ်၊ မြို့ရွာအိမ်တွေ ပြည့်ကျပ်လာတယ်၊ လူတွေ ပိုမိုများပြားလာတယ်၊ သို့သော် အိမ်နားချင်းပင် အသိမိတ်ဆွေ မမှတ်သူတွေက အမြောက်အမြားရှိလာတယ်၊ ဗမာပြည်ဟာ ရှေ့လျှောက်ပြီး ဒီအတိုင်းဖြစ်သွားမှာပဲ။ အဲဒီတော့ တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီမှုမရှိဘူး။ မီးလောင်လျှင် မီးသတ်သမားများဟာ လျင်မြန်စွာ ရောက်နိုင်ဖို့ အရေးကြီးတယ်။ လောင်စာများလာလို့ မီးသတ်အစည်းအရုံးတွေ များများလိုလာမယ်။ ရှေးက ဗမာစနစ်ကို ပြန်လည်ရရှိဖို့ကြိုးစားရမယ်။ နှိုးဆော်ပေးရမယ်။ ယခုခေတ်ဟာ အချိန်နဲ့လိုက်၍ လုပ်ရမယ်။ စစ်တိုက်တဲ့ အတွင်းမှာလည်း သူ့အချိန်သူဖြစ်လာတာနဲ့ မြန်မြန်ထက်ထက်လုပ်ဖို့ အရေးကြီးတယ်"** ဟု မီးသတ်အစည်းအရုံးကြီး ဒုတိယအကြိမ်ညီလာခံတွင် ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏ အမှာစကား ကဲ့သို့ပင် ပြောင်းလဲလာသော ခေတ်၊ စနစ် အခြေအနေအရ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အားလုံးဝိုင်းဝန်းပါဝင်ရန် လိုအပ်သည်။ အစိုးရမီးသတ်တပ်ဖွဲ့များသာမက စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များ ပိုမိုပေါ်ထွန်းလာစေရန် လိုအပ်ကြောင်းကိုလည်း သတင်းစာမှတ်တမ်းများအရ သိရှိမှတ်သားခဲ့ရသည်။

မီးသတ်တပ်ဖွဲ့၏ အရည်အသွေးနှင့် မီးသတ်စိတ်ဓာတ်စသည့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းရန် လိုလာသည်။ နိုင်ငံတော်က ချမှတ်ပေးသော မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်ကြီး (၄) ရပ်တွင် မီးဘေးလုံခြုံရေးဆိုသည့် ရည်မှန်းချက်တာဝန်တစ်ခုထဲတွင် မီးသတ်မှုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများအပြင် အခြားဘေးအန္တရာယ်အမျိုးမျိုးတို့တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများပါ တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်ရာ ကျန်သည့် သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး လုပ်ငန်းများအားလုံးပါဝင်သည့် တာဝန်ကြီးလေးရပ်လုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မီးသတ်သမားများအနေဖြင့် မီးသတ်တပ်ဖွဲ့၏ မူလဘူတသဘောတရားများ၊ ကျင့်ဝတ်များအပြင် အောက်ခြေမီးသတ်ရဲဘော်မှအစ အထက် မီးသတ်အရာရှိတို့အထိ ခံယူချက်များ ထပ်တူရှိစေရေး၊ အတွေးအမြင်များ၊ အတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် အခြေအနေများနှင့် အစဉ်အလာကောင်းများ ဖန်တီးပေးရန် လိုအပ်လာသည်ဟု ဆိုရပေမည်။ နိုင်ငံတကာ မီးသတ်တပ်ဖွဲ့များတွင်လည်း မီးသတ်သမားများ အချင်းချင်း နှစ်စဉ် နှီးနှောဖလှယ်မှုသည် လက်တွေ့အကျိုးရှိကြောင်းသိမြင်၍ အခမ်းအနားများကို ကျင်းပသည်ကိုလည်း တွေ့ရှိရသည်။

အနှစ်ချုပ်ဆိုရသော် ကိုသာဖံ၏ မှတ်စုထဲမှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဆိုသည်မှာ မီးသတ်သမားများအားလုံး တူညီသော မျိုးချစ်စိတ်ဓာတ်၊ ထက်သန်သော ပရဟိတစိတ်ဓာတ်များဖြင့် တစ်စုတစ်စည်းတည်း စတင်တွေ့ဆုံနိုင်ခဲ့သည့်နေ့၊ မီးသတ်တပ်ဖွဲ့ သန္ဓေတည်ပေါ်ပေါက်လာစေရေးဆိုင်ရာ အဆိုပြုချက်များအပေါ် မီးသတ်သမားတို့ ညီညွတ်စွာ ထောက်ခံဆုံးဖြတ်ကြသည့်နေ့၊ မီးသတ်သမားများကို နိုင်ငံတော်မှ ချီးမြှောက်ပေးသည့်နေ့၊ မီးဘေးအန္တရာယ်ကို မီးသတ်သမားတိုင်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မဆုတ်မနစ် ဖွဲလုံ့လပြင်းစွာဖြင့် ဆက်လက် ဆောင်ရွက်သွားနိုင်ရန် သွေးသစ်လောင်းတဲ့နေ့ဟု အဓိပ္ပာယ်ဖွင့်ဆိုရမှာဖြစ်ပါကြောင်းဖြင့် ၂၀၂၂ ခုနှစ် မေ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

## ၂၀၂၂ ခုနှစ် ဧပြီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက်ရေးသားသည့် "စားနပ်ရိက္ခာဖူလုံမှုရှိဖို့ ဦးစားပေးဆောင်ရွက်ကြပါစို့" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဧပြီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ခင်မောင်အေး။ သန့်လွင်ထွန်း (MPA)၊ ပါမောက္ခ ကိုကိုအောင်တို့၏ "စားနပ်ရိက္ခာဖူလုံမှုရှိဖို့ ဦးစားပေး ဆောင်ရွက်ကြပါစို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ စန်းနီလာဝင်း၊ မောင်ပေါ်ထွန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ထက်ဝေအောင် (စစ်ကိုင်း) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ကိုရင်ကျော်၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ ဦးဟန်ညွန့် (ဥပဒေ) တို့၏ နိုင်ငံတကာနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်းပါးများ၊ K.M.A၊ သုတကျော်တို့၏ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာဆောင်းပါးများ၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ် ဘာသာစကား) တို့၏သဘာဝပတ်ဝန်းကျင်နှင့် ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ ကျော်ဖုံးမှ

အုပ်စု (က) ပထမနေ့တွင် မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်း ယှဉ်ပြိုင်ကစားခဲ့ကာ အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်၊ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက တီမောအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ အိမ်ရှင်ကမ္ဘောဒီးယားအသင်းမှာမူ တီမောကို ဂိုးပြတ်သွင်းပြီး အိမ်ရှင်ပရိသတ်ရှေ့မှောက်တွင် မျက်နှာပန်းလှသွားခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပသည့် ကမ္ဘောဒီးယားအသင်းအနေဖြင့် ရလဒ်ကောင်းရယူနိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီး အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူခဲ့ခြင်းဖြစ်သည်။



ကမ္ဘောဒီးယားနှင့် တီမောအသင်း ယှဉ်ပြိုင်စဉ်။

တီမောအသင်းမှာမူ ပွဲအစပိုင်းသာ ကမ္ဘောဒီးယားကို ယှဉ်ကစားနိုင်ကာ ဂိုးများပေးလိုက်ရပြီး နောက်ပိုင်း ရုန်းကန်ခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၃၉၊ ၄၅ မိနစ်တွင် ချူဆန်တီ၊ ၇၄ မိနစ်တွင် ရာတာနာ၊ ၈၃ မိနစ်တွင် ပီဆော့သ်တို့က သွင်းယူခဲ့သည်။

အင်ဒိုနီးရှားအသင်းသည် ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး အဖွင့်လှခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ပထမပိုင်းပြီးခါနီးတွင် မာစီလီနိုသွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ကျန်အနိုင်ဂိုးနှစ်ဂိုးကိုမူ ဒုတိယပိုင်းပြီးခါနီးတွင် ရရှိခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို နာကျင်အချိန် ပိုတွင် ဖာဂျာနှင့် အီဖန်တို့က သွင်းယူခဲ့သည်။

ဧပြီ ၃၀ ရက် **(ယနေ့)** တွင် အုပ်စု (ခ) ပထမနေ့အဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ထိုင်းနှင့် စင်ကာပူ၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–sea games 2023**

# ချယ်ဆီးကို အနိုင်ရရှိမှ အာဆင်နယ်ရဲ့ ချန်ပီယံဖြစ်ရေးမျှော်လင့်ချက် ဆက်လက်ရှင်သန်မယ်

**ယခုတစ်ပတ် တနင်္ဂနွေနေ့မှာ ပရီမီယာလိဂ်ပွဲစဉ် (၃၄) နဲ့ ကြားရက်မှာ ပွဲကျန် (၂၈) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ လီဗာပူးက စပါး၊ အဲဗာတန်က လက်စတာ၊ အာဆင်နယ်က ချယ်ဆီးနဲ့ တွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် မလွတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**

### အာဆင်နယ်နှင့် ချယ်ဆီး

အာဆင်နယ်ရဲ့ခြေစွမ်းက နောက်ပိုင်းမှာ တဖြည်းဖြည်း ကျဆင်းလာသလို ချယ်ဆီးအသင်းရဲ့ ခြေစွမ်းကလည်း နည်းပြအပြောင်းအလဲတွေ ပြုလုပ်ထားပေမယ့် ခြေစွမ်းကောင်းမွန်လာခြင်း မရှိဘူး။ ဒါပေမယ့် အာဆင်နယ်က နိုင်ပွဲရရှိမှသာ ဖလားမျှော်လင့်ချက် ဆက်လက်ရှင်သန်မှာပါ။

### လီဗာပူးနှင့် စပါး

နှစ်သင်းကြား ရမှတ်ကွာဟမှု တစ်မှတ်သာရှိပြီး ဥရောပဝင်ခွင့် တစ်နေရာရရှိရေး အပြိုင်ကြိုးစားနေတဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ ခံစစ်ပိုင်းဆိုးရွားတဲ့ စပါး အရေးနိမ့်ဖွယ်ရှိတယ်။

### ကာဆယ်နှင့် ဆောက်သမ်တန်

ကာဆယ်က ပြီးခဲ့တဲ့ပွဲမှာ စပါးနဲ့ အဲဗာတန်ကို အံ့အားသင့်ဖွယ် ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်ထားနိုင်တယ်။ ဆောက်သမ်တန်က ဒီပွဲစဉ် နိုင်မှသာ တန်းဆင်းဇုန်က လွတ်မြောက်ရေးမျှော်လင့်ချက် ဆက်လက်ခိုင်မာလာမှာပါ။ နယူးကာဆယ် အသာရဖွယ်ရှိတယ်။

### လီဗာပူးနှင့် ဖူလ်ဟမ်

ဒီရာသီမှာ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတဲ့ လီဗာပူးအသင်းက မာကျောကျစ်လျစ်မှုရှိတဲ့ ဖူလ်ဟမ်အသင်းနဲ့ ရင်ဆိုင်ကစားရမှာ ဖြစ်တာကြောင့် ယခင်ပွဲစဉ်တွေက စွမ်းဆောင်ရည်ထက် ကျဆင်းခဲ့ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။

### မန်ယူနှင့် ဗီလာ

ဗီလာက ပုံမှန်ခြေစွမ်းပြသထားနိုင်ပြီး ဥရောပဝင်ခွင့်တစ်နေရာရရှိဖို့အထိ ဦးတည်နေတဲ့ အသင်းဖြစ်တယ်။ မန်ယူက အဆင့် (၄) အတွင်းမှာ ပြတ်သားတဲ့ရလဒ်နဲ့ ဆက်လက်ရပ်တည်ဖို့ မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်တယ်။

### လက်စတာနှင့် အဲဗာတန်

တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့အသင်းနှစ်သင်းတွေ့ဆုံမှု ဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ လက်စတာက အဲဗာတန်ထက် တိုက်စစ်ထက်မြက်မှုရှိတာမှန်ပေမယ့် ခံစစ်ပိုင်းမှာ အားနည်းတယ်။

### ဘရိုက်တန်နှင့် မန်ယူ

ဒီနှစ်သင်းက ယခုပွဲစဉ်မတိုင်မီ အက်ဖ်အေဖလားဆီမီးဖိုင်နယ်မှာ ပူပူနွေးနွေးတွေ့ဆုံထားပြီး မန်ယူအသင်းက ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ယူထားတယ်။ ဘရိုက်တန်အသင်းက အဆိုပါရှုံးနိမ့်မှုကို ချေဖျက်ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် မန်ယူ အခက်တွေ့မယ်။

**ပရီမီယာလိဂ် ပွဲစဉ် (၃၄)**

| | |
|---|---|
| **၃၀–၄–၂၀၂၃** | **တနင်္ဂနွေနေ့** |
| ဘုန်းမောက် – လိဒ်စ် | ည ၇း၃၀ |
| ဖူလ်ဟမ် – မန်စီးတီး | ည ၇း၃၀ |
| မန်ယူ – ဗီလာ | ည ၇း၃၀ |
| ကာဆယ်–ဆောက်သမ်တန် | ည ၇း၃၀ |
| လီဗာပူး – စပါး | ည ၁၀း၀၀ |
| **၁–၅–၂၀၂၃** | **တနင်္လာနေ့** |
| လက်စတာ – အဲဗာတန် | နံနက် ၁း၃၀ |
| **၂–၅–၂၀၂၃** | **အင်္ဂါနေ့** |
| အာဆင်နယ် – ချယ်ဆီး | နံနက် ၁း၃၀ |

**ပရီမီယာလိဂ် ပွဲကျန် (၂၈)**

| | |
|---|---|
| **၃–၅–၂၀၂၃** | **ကြာသပတေးနေ့** |
| လီဗာပူး – ဖူလ်ဟမ် | နံနက် ၁း၃၀ |
| မန်စီးတီး – ဝက်စ်ဟမ်း | နံနက် ၁း၃၀ |
| **၄–၅–၂၀၂၃** | **သောကြာနေ့** |
| ဘရိုက်တန် – မန်ယူ | နံနက် ၁း၃၀ |

**လိဂ်ဂိုးအများဆုံး သွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟာလန်း | မန်စီးတီး | ၃၃ |
| ကိန်း | စပါး | ၂၄ |
| တိုနေ | ဘရန့်ဖို့ဒ် | ၁၉ |

**မိုးစက် – စုစည်းသည်**

# ဒဏ်ရာကြောင့် မက်ဒရစ်အိုးပင်းပထမအဆင့်ပွဲစဉ်မတိုင်မီ ရာဒူကာနူ နုတ်ထွက်

ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် အမ်မာ ရာဒူကာနူသည် ပထမအဆင့် ပွဲစဉ်မတိုင်မီ လက်ကောက်ဝတ်ဒဏ်ရာကြောင့် မက်ဒရစ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မကြာသေးမီ လများအတွင်း လက်ကောက်ဝတ်ဒဏ်ရာရရှိခဲ့သော ၂၀၂၁ ယူအက်စ်အိုးပင်းချန်ပီယံ ရာဒူကာနူသည် မေ ၅ ရက်တွင် မက်ဒရစ်အိုးပင်း၌ ဘူလ်ဂေးရီးယားတင်းနစ်မယ် ဗစ်တိုရီကာ တိုမိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ရာဒူကာနူသည် ယခုလအတွင်း စတုဂတ်အိုးပင်းပြိုင်ပွဲတွင်လည်း ပြိုင်ဘက် အော့စတာပင်ကိုကို ၆–၂၊ ၆–၁ ဖြင့် ရှုံးနိမ့်ထားသူ ဖြစ်သည်။ ထို့ကြောင့် အသက် ၂၀ အရွယ် ရာဒူကာနူသည် လက်ရှိတွင် ကမ္ဘာ့အဆင့် ထိပ်ဆုံး ၁၀၀ အပြင်ဘက် ရောက်ရှိရန် သေချာသလောက်ရှိနေပြီ ဖြစ်သည်။ ၎င်းသည် နှစ်ပေါင်း ၄၄ နှစ်အတွင်း ၂၀၂၁ ယူအက်စ် အိုးပင်းပြိုင်ပွဲ၌ ဂရင်းဆလမ်းဖလားဆွတ်ခူးနိုင်သည့် ပထမဆုံး ဗြိတိန်တင်းနစ်မယ် ဖြစ်လာခဲ့သည်။


**အမည်ပြောင်း**

ရေကြည်မြို့နယ် အထက (ကမ်းနီ) Grade–9 တွင် ပညာသင်ကြားနေသော အဖ ဦးဇော်မင်းထက် ၏သား မောင်စစ်တိုင်းအောင် အား မောင်ထက်ကိုကိုအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ကိုကိုအောင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/6561, Suzuki Carry DA63T, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလင်း ၅/မမတ(နိုင်)၀၀၀၉၈၈က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4N/5733, HYUN–DAI STAREX ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးလှိုင်(ခ)ချစ်လှိုင် ၉/ရမသ(နိုင်)၁၁၁၇၈၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၈)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ မြေကွက်အမှတ် (၇၄/က)၊ အလျားပေ ၂၀xအနံပေ ၆၀ ကျယ်ဝန်းသော ဦးအောင်မြတ် ၁၂/အစန(နိုင်)၀၀၅၁၃၁ အမည်ပေါက် မြေနှင့်၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်ခံအိမ် ရေ၊ မီးအစုံပါဝင်သော အိမ်နှင့်မြေအား ဦးအောင်မြတ် ၁၂/အစန(နိုင်) ၀၀၅၁၃၁ ကွယ်လွန်၍ ၎င်းတို့၏သားသမီးများဖြစ်ကြသော ဦးအေးကြွယ်၊ ဒေါ်ဝေဝေမြင့်၊ ဒေါ်နီနီမာ၊ ဦးဝင်းမော်သန့်၊ ဒေါ်ညိုသန့်ထွေးတို့မှ ၎င်းတို့ (၅)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေကြီးဖြစ်သူ ဦးခင်အောင်မျိုး ၁၂/ဒလန(နိုင်)၁၀၈၀၁၄မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ စာရွက်စာတမ်းအထောက်အထား အခိုင်အလုံဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဇင်ဦး (LL.B, (Q), PGDL, C.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၅၂၂၈၈)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းအောက်ထပ်**
**ဖုန်း–၀၉–၇၅၇၀၁၇၂၈၉၊ ၀၉–၈၉၅၆၃၃၆၂၆**

**ကန့်ကွက်နိုင်ပါကြောင်း**

ကျိုက်လတ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၅)၊စန္ဒာမုနိဘုရားကြီးရပ်၊ ဦးပိုင်အမှတ် ၉၇၊ မြေဧရိယာ ၀ဒသမ၀၄၀ ဧကသည် ဦးအောင်မြတ် အမည်ပေါက် မြေဖြစ်ခဲ့ပြီး ဦးလှမျိုးဆန်း စာချုပ်စာတမ်း မှတ်ပုံတင်ရုံး(ကျိုက်လတ်မြို့)၏တရားဝင်စာချုပ်အမှတ်(၂၃/၂၀၂၃)ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ ကျိုက်လတ်မြို့၊ အမှတ်(၂) ရပ်ကွက်၊ ၂ X၃ ဦးစန္ဒာလမ်းနေ ဦးလှမျိုးဆန်း (ဘ)ဦးမြဆန်း ၁၄/ဘကလ(နိုင်)၀၂၂၂၃ မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ဦးလှမျိုးဆန်း၏ လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လူကိုယ်တိုင် ဤရုံးတော်သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ကျိုက်လတ်မြို့**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ စံပယ်၅လမ်း၊ အမှတ် ၁၇၈ဟု ခေါ်တွင်သော (အလျား ၃၀'X အနံ ၅၀')မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အနောက်ဘက်ခြမ်း(အလျား ၁၅'Xအနံ ၅၀') အိမ်ခြံမြေ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချသူ ဒေါ်ကေခိုင်မိုးစံ ၁၂/ဥကမ(နိုင်)၁၈၈၀၉၇ ထံမှ ဝယ်ယူရန် အလို့ငှာ ကျွန်ုပ်၏ မိတ်ဆွေ ဦးမြင့်သိန်းပါ–၂(၁၂/ဥကမ(နိုင်)၁၇၄၄၄၀)သည် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများနှင့် အတူ ပိုင်ဆိုင်ခွင့် ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲမင်းထွဋ်(စဉ်–၁၂၁၆၁)LL.B,Diploma in Business Law)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၇၅၊ ဇမ္ဗူသီရိ ၃လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်**
**သာကေတမြို့နယ်၊ ဖုန်း–၀၉–၇၉၉၆၁၁၃၀၀**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ဦးပိုင်အမှတ် ၂၁၈၊ ဧရိယာ ၀ဒသမ ၁၀၄ဧကအနက်မှ ဧရိယာ ၀ဒသမ ၀၃၀ ဧကအား ဦးနေဝင်းအောင်(ဘ)ဦးတင်မောင် ၉/ရမသ(နိုင်)၀၀၆၁၄၂ မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ အမှတ် ၅၇/၂၀၂၃ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


# ပုဏ္ဏားကျွန်း၌ မြစိမ်းရောင်စီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေး

**ပုဏ္ဏားကျွန်း ဧပြီ ၂၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၆ ရွာ၏ တစ်နှစ်တာအတွင်း စီမံကိန်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များ၊ အရင်းအတိုးငွေများ ပေးဆပ်ခြင်းနှင့် စီမံကိန်းအတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းပြီး မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဧပြီ ၂၄ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကျေးရွာ ၃၆ ရွာမှ စီမံကိန်းကော်မတီဝင်များ၊ ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးပုချေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**အောင်လှဖြူ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ ၂၀၂၃ ခုနှစ်၊ ဧပြီ လ ၁၀ ရက်)

၁။ ၂၀၂၃ခုနှစ်၊ မေ လ(၁)ရက်နေ့တွင် ကျင်းပမည့် အကြိမ်(၅၀)မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ဆ"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၇) လုံးတွင် ထီစာအုပ် (၄၇၈၂၀၅) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၄၇၈၂.၀၅၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၃၃၄၇.၄၃၅) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၁၄၃၄.၇၁၅) ကို ပြန်လည် ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၃) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၇) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၃) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၂) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၈၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၁၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၄၃၄.၇၁၅)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၅) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၆၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၁၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေ စုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ အကြိမ်(၅၀)မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၅-၂၀၂၃) ရက်နေ့(တနင်္လာနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လူစီယာရိစ်လင်းန်၁၂/မဂတ(နိုင်)၁၀၄၇၈၂၊ အမှတ်(၂၃)၊ အထက် မန္တလေးလမ်းသွယ်(၃)လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ဇ၈လမ်း၊ အမှတ် ၃၁၊ ပထမထပ်(ဘယ်)(၁၂ပေခွဲ x၅၀ပေ) အကျယ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ၂၈-၄-၂၀၂၃ရက်တွင် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လူစီယာရိစ်လင်းန်မှ တူ/တူမ ဖြစ်သူ ခရစ်တိုဖာ (ခ)ဦးကိုကိုနိုင်(၁၂/မဂတ(နိုင်)၀၈၂၅၄၄) နှင့် ဒေါ်လင်ဒါ (၁၂/မဂတ(နိုင်) ၀၈၃၄၇၂) တို့အား မေတ္တာဖြင့် အပြီးအပိုင် လွှဲအပ်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအလုံးစုံသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လူစီယာရိစ်လင်းန်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ခရစ်တိုဖာ(ခ)ဦးကိုကိုနိုင်နှင့် ဒေါ်လင်ဒါတို့ နှစ်ဦးနှင့်သာ သက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးချမ်းမိုး(LL.B,D.B.L,D.I.T) (စဉ်-၅၁၁၆၀)**
**အထက်တန်းရှေ့နေ**
**အမှတ် ၁၄၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ စိန်ကွန်ဒိုမီနီယမ်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၉၄၂၈၆**

### ဦးစစ်လွှမ်းဗဟိုနှင့်အများသိစေရန် အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ တမာလမ်း၊ ထ-၂၀နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သိမ့်သိမ့်အိ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိမ့်သိမ့်အိက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ဦးပိုင်အမှတ်(N-၆၃)၊ အကွက်အမည်-ပုဏ္ဏားစုရပ်ဟုခေါ်တွင်သော အရှေ့လားသော်- ဒေါ်စန်းရီ၏ခြံ၊ အနောက်လားသော်-ဦးလှဦး၏ခြံ၊ တောင်လားသော်-မြကြေး မုံလမ်းသွယ်၊ မြောက်လားသော်-ဦးဂျစ်တူး၏ခြံ စသည့်အနားလေးရပ်အတွင်းရှိ အရှေ့(၁၀၄)ပေ၊ အနောက်(၈၅)ပေ၊ အချွန်း(၉)ပေ၊ တောင်(၄၈)ပေ၊ မြောက်(၃၆)ပေ အကျယ်အဝန်းရှိမြေကို တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး တဲများဆောက်လုပ်၍ ဦးစစ်လွှမ်းဗဟိုအမည်ပါ ဗီနိုင်းများစိုက်ထူခဲ့ပြီး ခြံတံခါးများဖျက်ဆီးခံခဲ့ရသဖြင့် ကျွန်ုပ်မိတ်ဆွေအဖို့ စိတ်ငြိုငြင်အနှောက်အယှက်ဖြစ်ခဲ့ရပြီး နစ်နာမှုများနှင့်လည်း ကြုံတွေ့ခဲ့ရပါသည်။

သို့အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျူးကျော်ဝင်ရောက် ဆောက်လုပ်ထားသောတဲများနှင့်ဗီနိုင်းများအားရှင်းလင်း ဖယ်ရှားပေးပါရန်နှင့် အကယ်၍ ဤကြော်ငြာပါသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသောတဲများနှင့် ဗီနိုင်းများကို ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိမ့်သိမ့်အိ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစစ်လွှမ်းဗဟိုနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သိမ့်သိမ့်အိ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သော်ဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၆၇)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်နှင့်အမည်(၂/ပ ဒေသာ)၊ ဦးပိုင်အမှတ်(၁၉၃)၊ မြေကွက်အမှတ်(193)၊ မြေဧရိယာ(၀.၀၄၆)ဧကရှိ ဂရန်မြေကွက်သည် မြို့မြေဂရန်မှုအမှတ်(၀၇၄/၂၀၁၉-၂၀)အရ ဒေါ်စန္ဒာထွေး (ခ) ဒေါ်ခိုင်ခိုင်စိုး အမည်ပေါက်မြေကွက်ဖြစ်ပါသည်။

ဒေါ်စန္ဒာထွေး(ခ)ဒေါ်ခိုင်ခိုင်စိုးသည် အဆိုပါဂရန်မြေအား အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(ပြင်ဦးလွင်ဘဏ်ခွဲ)တွင် ချေးငွေရယူထားစဉ် ဂရန်မူရင်းအား အပေါင်အဖြစ်ထားရှိရာ ယင်းဘဏ်မှ ထိန်းသိမ်းထားစဉ်အတွင်း ပျောက်ဆုံးသွားသည့်အတွက် ယင်းဂရန်အား မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူ မည်သူမဆို တရားဝင် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနများတွင်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဂရန်မိတ္တူမှန်ရရှိရေးအတွက် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာထွေး(ခ)ဒေါ်ခိုင်ခိုင်စိုး**
**အမှတ်(၁၂၄)၊ သိင်္ဂီလမ်း၊ ချာညိုလမ်းသွယ်(၄)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်နှင့်အမည်(BB- မြနန္ဒာရပ်)၊ ဦးပိုင်အမှတ်(၅၅+၅၆)၊ မြေဧရိယာ(၀.၁၆၆)ဧကရှိ ဂရန်မြေကွက်သည် မြို့မြေဂရန်မှုအမှတ်(၀၈၀/၂၀၁၆-၁၇)အရ စုဖုရားလေး(ခ)ဒေါ်လေးလေးမြတ်နှင့် စုဖုရားနိုင်(ခ)ဒေါ်နိုင်နိုင်ဝင်း တို့အမည်ပေါက်ပါသည်။

စုဖုရားလေး(ခ)ဒေါ်လေးလေးမြတ်နှင့် စုဖုရားနိုင်(ခ)ဒေါ်နိုင်နိုင်ဝင်း တို့သည် အထက်ပါ ဂရန်မြေအား အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(ပြင်ဦးလွင်ဘဏ်ခွဲ)တွင် ချေးငွေရယူထားစဉ် ဂရန်မူရင်းအား အပေါင်အဖြစ်ထားရှိခဲ့ရာ ယင်းဘဏ်မှထိန်းသိမ်းထားစဉ်အတွင်း ပျောက်ဆုံးသွားသည့်အတွက် ယင်း ဂရန်အား မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူ မည်သူမဆို တရားဝင် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနများတွင်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဂရန်မိတ္တူမှန်ရရှိရေးအတွက် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုဖုရားလေး(ခ)ဒေါ်လေးလေးမြတ်၊ စုဖုရားနိုင်(ခ)ဒေါ်နိုင်နိုင်ဝင်း**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း(ခ)ဦးဘဟန်လမ်း၊ အမှတ်(၇၅) ရှိ မုဒိတာအိမ်ရာ (၁) တိုက်ခန်းတွင် အခန်းအမှတ် (A-550) နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၀-၆-၂၀၂၂) ရက်နေ့တွင် တော်ဝင်မိသားစုကုမ္ပဏီတွင် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါက်တာဒေါ်ရီရီမှ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပါသည်။ ထိုသို့ဝယ်ယူ လက်ရောက်ရရှိပြီးနောက် ဝယ်ယူစဉ်က ရရှိခဲ့သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြစ်သော တိုက်ခန်းအသိအမှတ်ပြုကတ်ပြားမူရင်းနှင့် တိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းများ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ပြန်လည် ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁)လအတွင်း တော်ဝင်မိသားစုကုမ္ပဏီ (သို့မဟုတ်) ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက မိတ္တူမှန်ထုတ်ယူခြင်းလုပ်ငန်းစဉ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခိုင်ခိုင်စန်း**
(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)

**ဒေါ်နှင်းနုလွင်**
(LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၁၆၀၂၀၀၀၊ ၀၉-၈၈၀၃၀၂၀၀၀၆

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၃)၊ ဦးတရုတ်လမ်း၊ မြေကွက်အမှတ်(၅၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဗိုလ်ကြီးသက်လင်း (ကြည်း-၂၈၇၈၂)(၉/မခန(နိုင်)၁၄၇၉၅၆)(MGN-၂၁၆၀၈၇)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ခင်ထွေး(၁၀/ကမရ(နိုင်)၀၁၆၈၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ဝင်းဝင်းဖြိုး**
LL.B, D.B.L,D.I.L,U.F.L(Eng:)
အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄)

**ဦးဇော်မျိုးနိုင်**
LL.B,D.B.L,
အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၂၅၀၉၇၁၇၂၉၊ ၀၉ ၂၅၀၉၇၁၇၂၉

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2764

ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဆန်း ၁၂/ဗတထ(နိုင်)၀၁၆၅၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|
| (က) မြန်မာ့စီးပွားရေးဘဏ် သဃ်န်းကျွန်းဘဏ်ခွဲ | မြန်မာ့စီးပွားရေးဘဏ် သဃ်န်းကျွန်းဘဏ်ခွဲအဆောက်အအုံ အကြီးစားမွမ်းမံခြင်း | (1) |
| (ခ) ထန်းတပင်(အင်းစိန်) မြို့မရဲစခန်းဝင်း | မြန်မာ့စီးပွားရေးဘဏ် ထန်းတပင်(အင်းစိန်) ငွေသိုလှောင်ခန်း(၂၀x၂၀)RC တစ်ထပ် အဆောက်အအုံသစ်ဆောက်လုပ်ခြင်း | (2) |

၂။ တင်ဒါလျှောက်လွှာ
(က) စတင်ရောင်းချမည့်ရက် - ၂-၅-၂၀၂၃ရက် ၊(အင်္ဂါနေ့)ရုံးချိန်အတွင်း
(ခ) အရောင်းပိတ်မည့်ရက် - ၁၆-၅-၂၀၂၃ရက်၊ (အင်္ဂါနေ့)
(ဂ) နောက်ဆုံးတင်သွင်းရမည့်ရက်/ အချိန် - ၁၆-၅-၂၀၂၃ရက်၊(အင်္ဂါနေ့) ညနေ ၃နာရီတိတိ
၃။ တင်ဒါဖွင့်မည့်နေ့အား သီးခြားထုတ်ပြန်ကြေညာသွားပါမည်။
၄။ Lot(၁) ခုလျှင် တင်ဒါလျှောက်လွှာ(၁)စောင်နှုန်းဖြင့် Lot(၂) ခုအတွက် တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၂၃/၂၄)၊ (ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်)၊ ဖုန်း-၀၁-၈၃၇၁၀၃၇၊၀၁-၈၃၇၃၂၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယဦးပိုင်အမှတ် (၃၁)၊ ဧရိယာ ၀.၃၂၃ဧကအား ဦးနေသွင်(ဘ)ဦးမောင်လေး ၉/တကန(နိုင်)၁၃၀၀၈၉မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၇၅/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးနည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/မင်းရဲကျော်စွာ၊ ဦးပိုင်အမှတ် ၉၆၊ ဧရိယာ ၀ဒသမ၀၆၇ဧကအား ဦးကျော်ဆွေ (ဘ)ဦးကျော်မော် (၉/တကန(နိုင်)၁၀၀၆၄၈) မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၃၇၆/၂၀၂၃၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ် (၁၀၂၄/က)၊ ဝဇီယာ (၇)လမ်း၊ (င)ရပ်ကွက်၊ ပေ(၂၀x၆၀)အကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးဘိုရီ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန် အမျိုးအစားမြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခိုင်ဇာလွင် (၁၂/ဥကမ(နိုင်)၁၈၁၆၈၈) ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်နန်းထွေး (၁၂/ဥကတ(နိုင်) ၁၁၈၂၂၃)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါ က မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်စုပိုပိုဇော်ဝင်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဥ်-၁၀၆၀၅/၂၀၁၅) | (စဥ်-၄၉၅၀၂/၂၀၁၈) | (စဥ်-၅၄၈၃၅/၂၀၂၂) |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။
(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၉-၄-၂၀၂၃ရက်မှ ၁၂-၅-၂၀၂၃ ရက်အထိ (၀၉:၃၀နာရီမှ ၁၆:၃၀ နာရီအတွင်း)
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၁၅-၅-၂၀၂၃ရက် (တနင်္လာနေ့) (၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း)
(ဂ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၆-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၀၉:၀၀နာရီ
(ဃ) တင်ဒါလျှောက်လွှာရောင်းချ/ဖွင့်လှစ်မည့်နေရာ - ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ် (၈၉၂-ဘီ)၊တပင်ရွှေထီးလမ်း၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၇အေ)၊ ပဲခူးမြို့
၂။ တင်ဒါခေါ်ယူထားသည့် Lot စာရင်းကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် သက်ဆိုင်ရာဌာနများတွင် ကြော်ငြာကပ်ထားမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက အထက်ဖော်ပြပါ လိပ်စာရှိရုံးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ဖုန်း-၀၅၂-၂၂၃၀၆၅၉၊ ၀၅၂-၂၂၃၀၅၉၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းမူ ၆/ထဝန(နိုင်)၀၄၀၄၅၆၊ အမှတ် (၄၁)၊ဗိုလ်ချုပ်လမ်း၊အလတ်ချောင်းရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်နေသူ၏ သမီးဖြစ်သူ မထက်အိန္ဒြာဝင်းသည် ၁၀-၄-၂၀၂၃ရက်မှစ၍ နေအိမ်မှ ပျောက်ဆုံးခဲ့ပြီး ယနေ့အချိန်အထိ လိုက်လံစုံစမ်းသော်လည်း အဆက်အသွယ်မရရှိခဲ့ပါ။ သို့ပါ၍သမီးဖြစ်သူ မထက်အိန္ဒြာဝင်းအား မိဘအုပ်ထိန်းသူ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှုမရှိဘဲသွေးဆောင်ဖြားယောင်းခေါ်ယူထားသည်ဆိုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B,Diploma in Business Law**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၄၇၅၊ ဗမ္ဘူသီရိ ၃လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/6144 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/6772 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဆန်း ၁၂/ဗတထ(နိုင်)၀၁၆၅၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/59697 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမြတ်မော် ၉/စကတ(နိုင်) ၀၇၆၃၃၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/9082, Toyota Mark II, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၇/တငန(နိုင်)၁၁၄၄၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/8610, Lwin Kyaw LK-002, Pick Up (4x2) Rယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၁၂/မဂဒ(နိုင်)၀၃၁၅၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## အသိပေးကြော်ငြာချက်

HPAKAN KING GEMS COMPANY LIMITED အမည်ဖြင့် ထွက်ရှိထားသည့် အောက်ပစ္စည်းစာရင်းပါ မော်တော်ယာဉ်များ၏ ကားနံပါတ်ပြားများ ပျောက်ဆုံးလျက်ရှိပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၁။ 6C/7174 (Nissan UD), Bowser
၂။ 6C/7172(Nissan UD), Bowser
၃။ 6C/7169(Nissan UD), Tractor Head
၄။ 6C/7168(Nissan UD), Tractor Head

**HPAKAN KING GEMS COMPANY LIMITED**

## စိမ်းလမ်းရိုးမတောင်တန်း ကုမ္ပဏီအား မိမိတို့ ဆန္ဒအလျောက်ဖျက်သိမ်းလိုက်ကြောင်း ကြေညာခြင်း

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မှတ်ပုံတင်ကျပြီးသော စိမ်းလမ်းရိုးမကုမ္ပဏီအား ၂၇-၄-၂၀၂၃ရက်နေ့တွင် မိမိတို့၏ သဘောဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်လိုစိတ်မရှိပါ၍ ဖျက်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။ ကုမ္ပဏီသည် မည်သည့်အလုပ်မျှ မလုပ်ကိုင်ရသေးသည့်အတွက် ငွေကြေးအရှုပ်အရှင်း စာရင်းဇယားအရှုပ်အရှင်း၊ ငွေကြေးချေးယူခြင်းများတစ်စုံတစ်ရာမျှ မပြုလုပ်ခဲ့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သူဇာခိုင်**
**မန်နေဂျင်းဒါရိုက်တာ**
**၇/အဖန(နိုင်)၀၅၈၄၇၁**
**အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**
**ဖုန်း-၂၅၂၉၉၂၁၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၄၃၁ လူနေရပ်ကွက် အမှတ်(ရွှေပေါက်ကံ)၊ မြေဧရိယာ (၆၀ x၈၀)ပေရှိ နှစ်(၆၀)မြေငှားစာချုပ်အရ မြေကွက်ကို အမည်ပေါက် ဦးဇော်နိုင်ဦး ၉/မမန (နိုင်)၀၁၂၈၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်နီလာမျိုးထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၉၀၈)**
**အမှတ် ၇၂၂၊ ခေမာသီလမ်း၊(က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၉၉၈၈၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကျိုက်လတ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ စန္ဒာမုနိဘုရားကြီးရပ်၊ ဦးပိုင်အမှတ်(၉၈)၊ မြေဧရိယာ ၀ဒသမ၀၄၀ ကေသည် ဘိုးဘပိုင်မြေသည် ဦးအောင်မြတ်အမည်ပေါက်ခဲ့ပြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံး (ကျိုက်လတ်မြို့)၏ တရားဝင်စာချုပ်အမှတ်(၂၂/၂၀၂၃)ဖြင့် ဒေါ်အေးစီမှ ပိုင်ဆိုင်ခဲ့ပါသည်။ ကျိုက်လတ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ၂x ၃ဦးစန္ဒာလမ်းနေ ဒေါ်အေးစီ (ဘ) ဦးမြဆန်း ၁၄/ဘကလ(နိုင်)၀၂၂၂၂၄ မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ဒေါ်အေးစီ၏လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လူကိုယ်တိုင် ဤရုံးတော်သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ကျိုက်လတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၄၀-က/စိုတွင်းအနောက်ကွင်း)၊ ဦးပိုင်/မြေကွက်အမှတ်(၂၉၀)၊ ဧရိယာ ၀.၂၃၀ဧကရှိမြေကွက်အား ပခုက္ကူမြို့၊ အမှတ် (၇)ရပ်ကွက်နေ ဒေါ်ငွေရင် (BX-025516) အမည်ဖြင့် ရရှိခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါဒေါ်ငွေရင် (BX-025516) အမည်ဖြင့်ရရှိခဲ့သည့် မြေပေးမိန့် (မူရင်း)နှင့် စာရွက်စာတမ်းအထောက်အထားတို့အား အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ငှားရမ်းထားခြင်း၊ အမွေစားအမွေခံအဖြစ် ပေးကမ်းထားခြင်းနှင့် ပတ်ဝန်းကျင်ရှိနယ်နိမိတ်ပြဿနာအရှုပ်အရှင်းများမရှိပါ ကြောင်းနှင့် ဒေါ်ငွေရင် (BX-025516 အမည်ဖြင့်ရရှိခဲ့သည့် မြေပေးမိန့် (မူရင်း)နှင့် စာရွက်စာတမ်းအထောက်အထားတို့အား အမှန်တကယ် ပျောက်ဆုံးသည်မှာ မှန်ကန်ပါသည်။ အဆိုပါဝိုင်းမြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ဦးသိန်းမောင်-ဒေါ်ငွေရင် (မိဘနှစ်ပါးကွယ်လွန်)ပြီးနောက် ၎င်းတို့၏သားသမီးများဖြစ်သော ဒေါ်ညွန့်မေ၊ ဒေါ်လှလှဝင်း၊ ဦးခင်မောင်ဝင်း၊ ဒေါ်လှလှထွန်းပါ (၄)ဦး (အမွေပေးကမ်းသူ)ထံမှ ဦးခင်ကို (ကွယ်လွန်၊ အမွေလက်ခံရရှိသူ) (၎င်း၏သမီး ဒေါ်ချောစုရင်)သည် ၂၄-၉-၂၀၀၈ ရက်၌ ကျေးဇူးရှင်ဆရာတော်ဦးဝိစာရ(နိုင်ငံတော်ဩဝါဒစရိယ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့)၏ရှေ့မှောက်တွင် အမွေပေးကမ်းခြင်းစာချုပ်ဖြင့်လည်းကောင်း၊ ဦးခင်ကို၏သမီး ဒေါ်ချောစုရင် ၈/ပခက(နိုင်)၁၅၈၈၅၈ထံမှ ဒေါ်ကြည်ကြည်ဟန် ၈/ခမန(နိုင်)၁၀၁၇၁၈သည် ၂၇-၄-၂၀၂၃ရက်၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူနေအိမ်အဆောက်အအုံနှင့် အိမ်ဝိုင်းမြေအကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်းစာချုပ်ဖြင့်လည်းကောင်း အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ် လက်ရှိနေထိုင်အကျိုးခံစားလာခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။

အထက်ပါဦးပိုင်/မြေကွက်အမှတ် (၂၉၀)၊ ဧရိယာ ၀.၂၃၀ဧကရှိမြေကွက်အား ကျွန်မ၏ မိတ်ဆွေ ဒေါ်ကြည်ကြည်ဟန် ၈/ခမန(နိုင်)၁၀၁၇၁၈ အမည်ဖြင့် မြေငှားဂရန်ရရှိရေးလျှောက်ထားမည်ဖြစ်၍ အဆိုပါဝိုင်းမြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်သည့်မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း သက်ဆိုင်ရာခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်/စီအင်းဦးစီးဌာန(ယခင်မြို့နယ်မြေစာရင်းဦးစီးဌာန)တို့၌တရားဝင်စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းများမရှိပါက ဒေါ်ကြည်ကြည်ဟန် ၈/ခမန(နိုင်)၁၀၁၇၁၈ အမည်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ရရှိရေး ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသိမ့်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၂၉) (၁၄-၆-၂၀၁၈)**
**ရွှေကံသာရပ်၊ အမှတ် (၃)ရပ်ကွက်၊ ပခုက္ကူမြို့**

## အမည်ပြောင်းလဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဇော်အောင်လတ် ၁၃/ကခန(နိုင်)၀၀၀၇၁၂ ၏သား New Land ကိုယ်ပိုင်ကျောင်း၊ Grade- 8 မှ မင်းကောင်းဆက်ထွန်းအား မောင်ဇော်ခွန်ခမ်း ၁၂/ဥကတ(နိုင်)၂၁၆၃၆၆ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇော်ခွန်ခမ်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/3599 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/50651, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဦး ၁၄/အဂပ(နိုင်)၁၆၈၅၄၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8616, KIA OPTI MA m S/L(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူနိုင် ၁၂/တမန(နိုင်)၁၀၆၇၄၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိ...**

❖ **ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင်ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန်ထမ်းဆောင်ခြင်းသာဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယနေ့ သတင်းအညွှန်း**



**မောက်မယ်မြို့နယ်မှ နှစ် ၁၅၀ ပြည့်တော့မည့် ရှေးဟောင်းသမိုင်းဝင် မောက်စံ ဘုန်းတော်ကြီးကျောင်း**

ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၁၇



**ကိုသာဇံရဲ့ ၇၇ နှစ်တာ မှတ်စုတို**

ဆောင်းပါး စာ ၂၀

## မိုင်းယုမြို့၌ သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာဖွင့်လှစ်

မိုင်းယု ဧပြီ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယုမြို့၌ ရှမ်းတိုင်းရင်းသားတို့၏ သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့ လှေလှော်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့မရပ်ကွက်အနီး နမ့်လွေချောင်းအလယ်ရှိ သဲသောင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❖



## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအဖွင့်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယား ဂိုးပြတ်နိုင်ပြီး အင်ဒိုနီးရှားလည်း သုံးမှတ်ရယူ

ရန်ကုန် ဧပြီ ၂၉

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ပထမနေ့ကို ဧပြီ ၂၉ ရက်က ကမ္ဘောဒီးယားနိုင်ငံတွင် စတင်ကျင်းပရာ အိမ်ရှင်ကမ္ဘောဒီးယားအသင်း အဖွင့်လှခဲ့ပြီး အင်ဒိုနီးရှားအသင်းလည်း သုံးမှတ်စတင်ရယူနိုင်ခဲ့သည်။ *စာမျက်နှာ ၂၂ ကော်လံ ၁* ❒

## ပဲလေ့စ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် တန်းဆင်းဇုန်ဖိအားနှင့် ဆက်လက်ရင်ဆိုင်ရဦးမည့် ဝက်စ်ဟမ်း

ဧပြီ ၂၉ ရက်က အစောဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၃၄) မှ ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲအပြီးတွင် ပဲလေ့စ် အသင်းက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန်ဖိအားရှိသည့် အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်သည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် *စာမျက်နှာ ၁၉ ကော်လံ ၄* ◆